mgyoe.com

ဝင်းရွှေမြည်စာအုပ်တိုက်


SAMPLE BOOK

သုဓွေးပေပေစီးရှိုး

- ဒီစာအုပ်ကို ရေးခဲ့တဲ့အကြောင်းရင်းမှာ ငွေအကြောင်းသင်ခန်းစာတွေ ပြောချင်လို့ပဲ။
- အကြွေးကောင်းနှင့် အကြွေးဆိုးကို ခွဲခြားသိဖို့လိုတယ်။
- အမှားတိုင်းဟာ အဆိုးတွေမဟုတ်ပါဘူး။

# ဗီလျံနာ မဖြစ်ချင်ဘူးလား

## ညီညီနိုင်





Rich Dad's

# GUIDE TO BECOMING RICH

ROBERT T.KIYOSAKI &
SHARON L.LECHTER

mgyoe.com

## Rich Dad's ပန်းရွှေပြည်စာအုပ်တိုက်ထုတ် ညီညီနိုင်၏စာအုပ်များ



























ye ye 2007

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မီလျံနာ မဖြစ်ချင်ဘူးလား

ညီညီနိုင်

# GUIDE TO BECOMING RICH

Robert T. Kiyosaki

mgyoe.com

mgyoe.com SAMPLE BOOK

၃၀၀၀ ကျပ်
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀

မျက်နှာဖုံး
ရဲရဲ

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာပေ၊
အမှတ် ၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှထူး (၀ရ၃၈၂)၊ ထူးပုံနှိပ်တိုက်၊
အမှန် ၂၂၅၊ ၁၀ / တောင်ရပ်ကွက်၊
အရှေ့မင်းလမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် – ၄၀၁၀၁၈၀၉၀၇
အဖုံးခွင့်ပြုချက် – ၄၀၁၀၁၂၁၀၀၇

mgyoe.com

mgyoe.com SAMPLE BOOK

## ပါဝင်သော အခန်းများ

* အဖွင့်စကား — ၆
မိလျှံနာမဖြစ်ချင်သူ ရှိပါ့မလား

* အခန်း ၁ — ၁၀
ခြိုးခြံချွေတာခြင်း၏တန်ဖိုး

* အခန်း ၂ — ၃၀
အမှားတစ်ခုရဲ့တန်ဖိုး

* အခန်း ၃ — ၅၆
ပညာရေးရဲ့တန်ဖိုး

* အခန်း ၄ — ၉၀
အကြွေးဝယ်ခွင့်ကတ်တွေကို ဖြတ်ပစ်ခြင်းရဲ့တန်ဖိုး

* အခန်း ၅ — ၁၃၀
သင့်မှာ တကယ့်အကြွေးတွေ ဘယ်လောက်ရှိသလဲ

* အခန်း ၆ — ၁၅၂
ပြောင်းလဲခြင်းရဲ့တန်ဖိုး

* နိဂုံး — ၁၈၅
ဘဏ္ဍာရေးရိုပို့ကတ် ရေးဆွဲခြင်းတန်ဖိုး

mgyoe.com

mgyoe.com SAMPLE BOOK

# အဖွင့်စကား

**မီလျံ**
**နာ မဖြစ်**
**ချင်သူ ရှိ**
**ပါ့မလား**

ဒါဟာ တကယ့်မေးခွန်းအစစ်ပါပဲ။

မကြာခင်က အမေရိကန်တီဗီမှာ လူကြိုက်အများဆုံး အစီအစဉ် တစ်ခု ပြသွားပါတယ်။ ခေါင်းစဉ်က–

'ဘယ်သူ မီလျံနာဖြစ်ချင်သလဲ'တဲ့။

အဲဒီရှိုးဟာ ဒီတစ်နိုင်ငံတည်းသာမက တစ်ကမ္ဘာလုံး ပျံ့နှံ့သွား ပြီး၊ နေ့ချင်းညချင်း 'ပေါက်'သွားပါတော့တယ်။

တကယ်ပါပဲ။ ခင်ဗျားလုပ်ဖို့လိုတာက ခပ်ပေါ့ပေါ့မေးခွန်းလေး တွေကို ဖြေရုံပဲဖြစ်ပြီး မေးခွန်းတစ်ခုမှန်တိုင်း ဆုငွေတွေရသလို ဒေါ်လာ ၁သန်းတန် ငွေထုပ်ကြီး လှမ်းယူနိုင်တဲ့အခွင့်အလမ်း ရသွားမှာပါ။

'ဘယ်သူ မီလျံနာဖြစ်ချင်သလဲ'ဆိုတဲ့မေးခွန်းက လူတိုင်း ပါးစပ်ဖျားမှာ ရေပန်းစားသွားပါတယ်။

ယန်းအေးပြည့်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

မျက်မြင်လက်တွေ့ ဆန်းစစ်ကြည့်မယ်ဆိုရင် မိလျံနာဖြစ်ဖို့ လမ်းတွေ အများကြီး ရှိနေတာကလား။ ခုနလို ဥာဏ်စမ်းပွဲ, ကံစမ်းထီထိုးပွဲ, လောင်းကစားဝိုင်း, စတော့ဈေးကစားတာ၊ စီးပွားရေးလုပ်ငန်းတွေ လုပ်တာ၊ ကုန်သွယ်အရောင်းအဝယ်လုပ်တာ၊ အများဆိုင်ကုမ္ပဏီမှာ ရင်းနှီးငွေထည့်တာ စသည်ဖြင့်ပေါ့။

ဒီခေတ်ကြီးဟာ သမိုင်းတစ်လျှောက် ဘယ်တုန်းကမျှနှင့် မတူအောင် သူဌေးဖြစ်ဖို့လွယ်တာတော့ အမှန်ပါပဲ။ ဒါကြောင့်လည်း နိုင်ငံတကာမှာ အမြန်ဆုံးသူဌေးဖြစ်ချင်တဲ့ ရောဂါတွေ ထ,ခဲ့ရတယ်လို့တောင် ဆိုနိုင်တယ်။

မကြာခင်က ကျွန်တော့်ရဲ့ 'သူဌေးဖေဖေ ဆင်းရဲဖေဖေ' စာအုပ်နှင့်ပတ်သက်လို့ တီဗီ အင်တာဗျူးတစ်ခု လုပ်ခဲ့ပါတယ်။ ဗျူးတဲ့ အမျိုးသမီးက–

" ဆရာ။ ကျွန်မတို့ကို အမှန်အတိုင်း ဘာဖြစ်လို့ မပြောတာလဲ။ နိုင်ငံပေါင်းစုံမှာ သူဌေးရူး ရူးနေတာကို အခွင့်ကောင်းယူပြီး ဒီစာအုပ်ကို ရေးခဲ့တာမဟုတ်လား"လို့ မေးလိုက်ပါတယ်။

သူ့မေးခွန်းက ကျွန်တော့်ကို တကယ်ပဲ အံ့အားသင့်သွားစေသလို၊ ပြန်ပြောဖို့စကားတောင် ရှာမရလောက်အောင် ဖြစ်သွားရပါတယ်။

နောက်ဆုံးတော့ အတွေးတွေကို ပြန်စုစည်းလိုက်မိပြီး–

"ခင်ဗျားထင်သလို မဟုတ်တာတော့ အမှန်ပါပဲ။ ဒီစာအုပ်ကို ရေးခဲ့တဲ့အကြောင်းရင်းမှာ ကျွန်တော့်အဖေ ၂ ယောက်ဆီက ရခဲ့တဲ့ ငွေအကြောင်းသင်ခန်းစာတွေ ပြောပြချင်တဲ့ဆန္ဒပဲ ရှိခဲ့တာပါ။



mgyoe.com

mgyoe.com SAMPLE BOOK


စင်စစ်မှာလည်း ၁၉၉၇ ခုနှစ်ကတည်းက စာအုပ်ရေးပြီးခဲ့ပေမယ့် ကျွန်တော် သွားစပ်ခဲ့တဲ့ ထုတ်ဝေသူတွေနှင့် စာအုပ်တိုက်တွေက ထုတ်ပေးဖို့ ငြင်းခဲ့ကြတာပါ။ အဲ့ဒီအချိန်က 'ဘယ်သူမိလျှံနာဖြစ်ချင်သလဲ'ဆိုတဲ့ တီဗီရှိုးတောင် မလွှင့်ရသေးပါဘူး။

ဒီလိုနှင့် ကျွန်တော်က သူ့ကို ဆက်ပြောမိပါတယ်။

"တကယ်တော့ ကျွန်တော့်စာအုပ်က အဲ့ဒီ တီဗီရှိုးမှာပါတဲ့ ကစားပွဲတွေ, စတော့ဈေးကွက်က မိလျှံနာတွေ, ထီကိစ္စတွေနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာပဲ။ ဒီနေ့ အမြန်ဆုံးချမ်းသာဖို့ အရူးထနေချိန်မှာ ကျွန်တော့်စာအုပ်က ချမ်းသာအောင်လုပ်ရေးကိစ္စသာ ရေးထားတာဖြစ်ပြီး အမြန်ချမ်းသာနည်း မဟုတ်ပါဘူး"

မချောက ခေါင်းညိတ်ပြီး သံသယအပြုံး ပြုံးလျက်–

"ဆရာ့စာအုပ်က အမြန်ချမ်းသာရေးနှင့် တစ်စိတ်တစ်ပိုင်းမျှ မပတ်သက်ဘူးဆိုရင် ဘာဖြစ်မလဲ။ နှေးနှေးကွေးကွေး ချမ်းသာရေး လား"

သူ့ရဲ့ ထေ့လုံးငေါ့လုံးက ကျွန်တော့်ကို စိန်ခေါ်လိုက်တာပဲလို့ ခံစားလိုက်ရပါတယ်။ သန်းချီနေတဲ့ တီဗီကြည့်ပရိသတ်တွေရှေ့မှာ ဂ္ဂြန္ထမပျက် အေးဆေးတည်ငြိမ်မှုပြဖို့ ကြိုးစားလိုက်ရပါတယ်။ ဒီလိုနှင့် သူ့ရဲ့ ငါးမြားချိတ် ဝေဖန်ချက်ကို ခတ်ဟက်ဟက်ကလေး တစ်ချက် ရယ်ပြီး တုန့်ပြန်ခဲ့ရာက–

"မဟုတ်ပါဘူး။ ကျွန်တော့်စာအုပ်ဟာ အမြန်ချမ်းသာရေး အကြောင်း မဟုတ်သလို အနှေးချမ်းသာရေးလည်း မဟုတ်ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK


ဒီနောက် ကျွန်တော်က ပြုံးပြီး သူ စောဒကတက်လာမယ့် မေးခွန်းကို စောင့်နေလိုက်ပါတယ်။

နည်းနည်းလေးကြာမှ သူက ပြန်ပြုံးလို့ မေးပြန်ပါတယ်။

"ဒါဖြင့် ဆရာ့စာအုပ်က ဘယ်လိုလဲ"

"ကျွန်တော့်စာအုပ်က 'ချမ်းသာခြင်းရဲ့တန်ဖိုးအကြောင်း' ရေးထားတာပါ"

"တန်ဖိုး။ ဟုတ်လား။ 'တန်ဖိုး'ဆိုတာက ဘာကိုဆိုလိုတာပါလိမ့်"

သူက မေးခွန်းထပ်ထုတ်လိုက်တဲ့ အခိုက်မှာပဲ အစီအစဉ်ထုတ်လွှင့်သူက အချိန်စေ့ပြီဆိုတာ အချက်ပြပါတယ်။ အင်တာဗျူး ဆရာမလေးက ကျွန်တော့်ကို 'မြန်မြန်ဖြေပါ'လို့ လောဆော်တာနှင့် ခုလိုနိဂုံးချုပ်လိုက်မိပါတယ်။

"လူတိုင်းလိုလို ချမ်းသာချင်ကြပါတယ်။ ဒါပေမယ့် ပြဿနာက လူနည်းနည်းသာ တန်ရာတန်ကြေးပေးချင်တာ ဖြစ်ပါတယ်"

တီဗီ အင်တာဗျူးလည်း ပြီးသွားပါလေရော။

စီစဉ်တင်ဆက်သူက ကျေးဇူးတင်စကားပြောပြီး စီးပွားရေးသတင်းတွေ ဆက်ပြောသွားပါတယ်။

ကျွန်တော့်အနေဖြင့် 'မီလျံနာတစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့ တန်ရာတန်ကြေး'အကြောင်း ရှင်းမပြလိုက်ရပါဘူး။

ခု–ဒီစာအုပ်ကတော့ တီဗီ အင်တာဗျူးမှာ မဖြေလိုက်ရတဲ့ မေးခွန်းကို အဖြေထုတ်လိုက်တာပါပဲ။


mgyoe.com

mgyoe.com SAMPLE BOOK


## ဘယ်သူ
## က တန်ရာတန်
## ကြေး ပေးသလဲ။

အသက် ၂၀ မှ ၄၇နှစ်အတွင်း ပြည်သူတွေကို အမေရိကန်နိုင်ငံ ကျန်းမာရေး, ပညာရေးနှင့် လူမှုရေးဌာနက စစ်တမ်းကောက်ခဲ့ရာက အောက်ပါအတိုင်း တွေ့သိခဲ့ရပါတယ်။

အသက် ၆၅ နှစ်ရှိတဲ့ လူ ၁၀၀ မှာ
၁ ယောက်က ချမ်းသာကြွယ်ဝတယ်။
၄ ယောက်က ကောင်းကောင်းမွန်မွန် ချောင်လည်တယ်။
၅ ယောက်က မလုပ်မဖြစ်လို့ အလုပ်လုပ်နေရတုန်း။
၅၄ ယောက်ကတော့ မိသားစု(ဝါ) အစိုးရ အထောက်အပံ့ခံ။
၃၆ ယောက်က ကွယ်လွန်ခဲ့ကြပါပြီတဲ့။

နောက်တစ်ချက်အနေဖြင့် ချမ်းသာကြွယ်ဝမှုရဲ့ ၃၅ ရာခိုင်နှုန်း အနက်က ၁ ရာခိုင်နှုန်းသာ သူတို့ ရရှိခံစားရပြီး ၄ ရာခိုင်နှုန်းသာ ချောင်ချောင်လည်လည်နေနိုင်ကြတာလို့ ဆိုပါတယ်။ ပြီးတော့ ဖော့ဘိစ် မဂ္ဂဇင်းကြီးရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်အရ 'ချမ်းသာတယ်ဆိုတာ ၁နှစ် ဝင်ငွေ ၁ သန်းအထက် ရရှိသူတွေ'ကို ခေါ်ပါသတဲ့။

၂၀ ရာစုရဲ့ နောက်ဆုံး ၁၀နှစ်ဟာ စီးပွားရေးအထွတ်အထိပ်ကို ရောက်ခဲ့တဲ့ကာလဖြစ်ပြီး၊ ချမ်းသာသူတွေနှင့် ချောင်လည်သူတွေ အရေ အတွက် တိုးပွားခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။ သို့သော်လည်းပဲ မေးခွန်း တွေ မေးစရာဖြစ်ပါတယ်။ ၅ ရာခိုင်နှုန်းသာ သူဌေးစာရင်းဝင်ပြီး၊ ကျန်တဲ့သူတွေ ဘာကြောင့် သူဌေး မဖြစ်ကြရတာလဲ။


mgyoe.com

mgyoe.com
SAMPLE BOOK


အဲ့ဒီ ၅ ရာခိုင်နှုန်းသော 'တန်ဖိုးပေးတဲ့လူတွေ'နှင့် 'တန်ဖိုးမပေးတဲ့လူတွေ' ဘယ်လို ကွာခြားပါသလဲ။

## ရောမတိုက်
## ကြီးကိုပိုင်ရုံဖြင့် ချမ်း
## သာပြီလို့ ဆို
## နိုင်မလား

ကျွန်တော်ငယ်ငယ်က သူဌေးဖေဖေရဲ့ ကားနှင့်လိုက်သွားရာက ရပ်ကွက်မှာရှိတဲ့ အတန်းဖော်သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်ရှေ့က ဖြတ်သွားရပါတယ်။

ကျွန်တော်က အဲ့ဒီသူငယ်ချင်းရဲ့အဖေဟာ ချမ်းသာသလားလို့ မေးမိတယ်လေ။

"လခကောင်းတဲ့ အလုပ်တစ်ခု, ရောမတိုက်ကြီးတစ်လုံး, အပျံစားဇိမ်ခံကားတွေနှင့် အပန်းဖြေခရီးမှာ ဘုံးပေါလအောာ သုံးနိုင်တာကိုကြည့်ပြီး ချမ်းသာပြီလို့ မပြောနိုင်သေးဘူးကွ။ အမှန်စင်စစ် အဲ့ဒါတွေက ဆန့်ကျင်ဘက်အဓိပ္ပာယ် ထွက်နေတာပဲ။ ငွေတွေ သောက်သောက်လဲ သုံးဖြုန်းနေတဲ့ပုံစံအရ မင်းဟာ လိမ္မာပါးနပ်သူ၊ ဒါမှမဟုတ် ပညာတတ်သူလို့ မခေါ်နိုင်တာ အမှန်ပဲ။ အဲဒါတွေနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသူလို့ပဲ ဆိုရလိမ့်မယ်။

သူဌေးဖေဖေရဲ့ ဆိုလိုချက်ကို နားလည်နိုင်တဲ့ဉာဏ် ကျွန်တော်တို့အများစုမှာ ရှိကြပါလိမ့်မယ်။ ဒါနှင့်အမျှ လူအတော်များများ


mgyoe.com

mgyoe.com SAMPLE BOOK


ထိုထိုးကြတဲ့အကြောင်းရင်းတစ်ခုဟာ သူ့အနေဖြင့် အိမ်ကြီးအိမ်ကောင်း တစ်လုံး လိုချင်လွန်းလို့၊ အဖိုးတန်ကားတွေ မက်မောလို့၊ အဲဒီငွေတွေနှင့် တခြားဟာ ဝယ်ချင်လို့ပဲ ဖြစ်ရမယ်လို့ တွေးမိပါတယ်။

ထိထိုးပြီး ငွေတွေ သန်းချီရနိုင်ဖို့ ဖြစ်နိုင်ကောင်းပေမယ့် တကယ့်တကယ် ထိပေါက်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ ထီလက်မှတ် သိန်းပေါင်းများစွာထဲက တစ်စောင် ပေါက်ဖို့ဆိုတဲ့ အခွင့်အရေးက နည်းနည်းလေးရယ်။

ဒီ့အတူ ရောမတိုက်ကြီး, နန်းတော်အိမ်ကြီးတွေ ရှိရုံနှင့် သူဌေးဘွဲ့ မရထိုက်သလို၊ ဉာဏ်စမ်းပဟေဠိဖြေတာ, ကံတိုက် လောင်းကစားတာတွေဟာလည်း ၅ ရာခိုင်နှုန်းသာရှိတဲ့ ထိပ်တန်းသူဌေးတွေ ပေးဆပ်တဲ့ 'တန်ဖိုး' မဟုတ်ပါဘူး။

## မိလျှံနာတစ်ယောက် ဖြစ်လာခြင်းရဲ့တန်ဖိုး

သူဌေးဖြစ်ပုံ နည်းမျိုးစုံရှိပါတယ်။ ထိပေါက်တာ၊ ဒါမှမဟုတ် ဉာဏ်စမ်းပွဲ အနိုင်ရတာတွေက ဥပမာလောက်ပါပဲ။ ဒီအပြင် ခိုးခြစ်ရွေ တာလို့, ကလိန်ကကျစ်ကျလို့၊ ဒါမှမဟုတ် မိလျှံနာတစ်ယောက်ကို လက်ထပ်လို့လည်း သူဌေး ဖြစ်နိုင်ပါတယ်။ များသောအားဖြင့် လူတွေက သူဌေးသမီး,သူဌေးသားကို အရချိုင်ပြီး ဖြတ်လမ်းက သူဌေးလုပ်ဖို့ ကြံကြတာကလား။ တစ်ခုတော့ ကြို သတိပေးထားချင်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK



အကြီးအကျယ်ချမ်းသာဖို့ ကြံတဲ့ ဘယ်နည်းမဆို ထိုက်သင့်တဲ့ တန်ဖိုးကို ပေးဆပ်ရတာဖြစ်ပြီး၊ ဒီတန်ဖိုးကို ငွေနှင့် အမြဲတမ်း တိုင်းတာ တွက်ချက်တာ မဟုတ်ဘူး ဆိုတာပါပဲ။

လောင်းကစားတာ၊ ထီထိုးတာ, ဉာဏ်စမ်းပွဲတွေ ထိုင်ကြည့် ရတာကို လူတွေ ဝါသနာပါကြပေမယ့်၊ သူတို့အများစုဟာ ချမ်းသာလာ ကြတာမဟုတ်ဘဲ အဲ့ဒီထက်ကောင်းတဲ့ နည်းလမ်းတွေနှင့် ကံထူးစေ မယ့် လမ်းစဉ်တွေ ရှိတဲ့တိုင်အောင် လူတွေက တန်ရာတန်ဖိုးမပေးချင် ကြပါဘူး။ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ အချမ်းသာဆုံး တိုင်းပြည်မှာ တောင် လူ ၁၀၀ မှာ ၁ ယောက်ပဲ သူဌေးဖြစ်တဲ့အကြောင်း ကျန်းမာ ပညာ လူမှုဌာနကြီးက စစ်တမ်းထုတ်ခဲ့ရတာပေါ့။

ကျွန်တော့်သူဌေးဖေဖေက ဒီတန်ဖိုးတွေကို ဘယ်လိုအနက် ဖွင့်ပါသလဲ။ ‘တန်ဖိုး’ဆိုတဲ့ အယူအဆကို မတူကွဲပြား ဥပမာ တစ်ခုကိုသုံးပြီး ရှင်းပြတာဟာ အကောင်းဆုံးလို့ ထင်ပါတယ်။

“အာနိုးရှာပ်ဇ်နက်ဂါ ကိုယ်လုံးမျိုး ရှိချင်တယ်”လို့ ကျွန်တော်က ပြောရင်၊ ခင်ဗျားတို့ အရင်ဦးဆုံးပြောမှာက

“အပြေးသမား ဖိနပ်တွေစီး၊ တစ်နေ့ ၅ မိုင်ပြေး၊ အားကစားရုံ သွားပြီ တစ်နေ့ ၃ နာရီလေ့ကျင့်၊ မျက်နှာကြီးဖောင်းကားလာအောင် အစားအသောက်တွေ အလွန်အကျွံ မသွပ်နှင့်”လို့ပဲ ဖြစ်ပါလိမ့်မယ်။

ဒါဆိုရင် ကျွန်တော်က–

“အာနိုးရဲ့ ကိုယ်လုံးကိုယ်ထည်မျိုးရဖို့ တခြားနည်း မရှိတော့ ဘူးလား” မေးကောင်းမေးမှာပါ။ ဒါဟာ ကျွန်တော်ဆိုလိုတဲ့ တန်ဖိုး ပါပဲ။



mgyoe.com

mgyoe.com SAMPLE BOOK



လူသန်းပေါင်းများစွာဟာ ကိုယ်လုံးကိုယ်ပေါက် လှပသန့်စွမ်းချင်ကြပေမယ့်၊ လူတချို့သာ တန်ရာတန်ဖိုးပေးတဲ့အနေဖြင့် လေ့ကျင့်ကြပါတယ်။

ဒါကြောင့်လည်း ကြော်ငြာတွေက ကတိအာမခံချက်တွေ ခုလိုပေးကြတာပေါ့။

'အစားအသောက်မပျက် ကြိုက်သလောက်စားပြီး ကိုယ်အလေးချိန်ကို လျှော့နိုင်ပြီ။ ဒီ လိုတရဆေးပြားလေးသာ သောက်လိုက်ပါ'။

ဒါမှမဟုတ်

'ဘာလေ့ကျင့်ခန်း၊ ဘာအစားအစာမျှ လျှော့စားစရာမလိုဘဲ၊ ဟော့ဒီ မော်ဒယ်ဂဲလ်လေးလို ဝင်းဝင်းပပ လှစေရမယ်'ဆိုပြီး ငွေတွေသဲ့ယူသွားကြတာပါပဲ။

ဒါပေမယ့် ထုတ်ကုန်ကြော်ငြာတွေနှင့် ဘယ်လိုပဲ အရောင်းမြင့်မြင့် များသောအားဖြင့် အလုပ်မဖြစ်ကြတာလည်းရှိတယ်။ အဓိကကတော့ ဝယ်တဲ့လူတွေက ညွှန်ကြားချက်အတိုင်း လိုက်မလုပ်နိုင်ကြလို့။ တစ်နည်းဆိုရင် တန်ရာတန်ဖိုး မပေးကြလို့ပဲ ဖြစ်ပါတယ်။

ကျွန်တော် 'မရင်း'ကမ်းတက်တပ်ဖွဲ့မှာ လုပ်နေတုန်းအချိန်တီဗီကြော်ငြာတစ်ခုက သတင်းရပြီး အိမ်မြေ ရင်းနှီးမြှုပ်နှံမှုသင်တန်းတစ်ခုကို ၃၈၅ ဒေါ်လာပေးပြီး သွားတက်ဖူးပါတယ်။

ပထမ ကျွန်တော်နေတဲ့ တိုက်ခန်းတွေရဲ့ နောက်ဘက် ဝိုင်ကီကီကမ်းခြေက 'ဟီလ်တန် ဟာဝိုင်ယီရွာ'ဟိုတယ်က နှီးနှောဖလှယ်ပွဲတစ်ခုကို အခမဲ့ သွားနားထောင်ရတာပါ။ ပြီးတော့မှ သင်တန်းတက်ဖို့



mgyoe.com

mgyoe.com SAMPLE BOOK


စာရင်းပေးခဲ့ရတာ ဆိုပါတော့။

နှီးနှောဖလှယ်ပွဲ သွားတက်တဲ့အခါက သူငယ်ချင်းဖြစ်တဲ့ မရင်းတပ် လေသူရဲတစ်ယောက်ကိုပါ အဖော်ခေါ်သွားခဲ့မိပါတယ်။ သူက အဲ့ဒီနှီးနှောပွဲကို သက်သက် အကြံအဖန်လုပ်တဲ့ 'လုပ်ပွဲ'ဆိုပြီး၊ အချိန်ကုန်တယ်လို့ အပြစ်တင်ခဲ့ပါတယ်။

တပ်ကိုပြန်ရောက်တော့လည်း "လိမ်ပွဲကြီးကို မလိုက်ခဲ့ရင် ကောင်းသား"လို့ ပြောလိုက်သေးရဲ့။

ကျွန်တော့်အတွေ့အကြုံကတော့ သူနှင့်လုံးဝ ဆန့်ကျင်ခြားနားပါတယ်။ နှီးနှောပွဲနှင့် သင်တန်းက စာအုပ်တွေ, တိတ်ခွေတွေကို ဖတ်မှတ်နားထောင်ပြီး ဒေါ်လာတွေ သန်းချီရအောင် လုပ်နိုင်ခဲ့တာပါ။

မိတ်ဆွေတစ်ယောက်ရဲ့ စကားအရဆိုရင်–

"အဲ့ဒီ မင်းသူငယ်ချင်းက သူ့ကိုယ်သူ တော်လှ, တတ်လှပြီဆိုပြီး သင်တန်းကို စိတ်မဝင်စားတာပဲ။ မင်းကတော့ ဘာမျှမတတ်ဘူး၊ ညံ့သေးတယ်ဆိုပြီး သင်တန်းမှူးတွေရဲ့ သင်သမျှကို ယုံယုံကြည်ကြည် နှင့် လေးလေးစားစားလိုက်နာခဲ့လို့ ဒီအခြေအနေ ရောက်တာပေါ့"တဲ့။

ခုဆို ကျွန်တော်က အိမ်မြေရောင်းဝယ်ရေး, စီးပွားရေးလုပ်ငန်း ထူထောင်ရေး, စတော့ဈေးကွက်မှာ ရင်းနှီးမြှုပ်နှံရေးနှင့် ပတ်သက်တဲ့ အခြေခံပညာတွေကို သင်ယူရအောင် နှီးနှောပွဲတွေ, သင်တန်းတွေတက်ဖို့ အမြဲ တိုက်တွန်းအားပေးနေဆဲပါပဲ။

တချို့ကတော့–

"သင်တန်းက မကောင်းရင် ဘယ့်နှယ်လုပ်မလဲ။ အခြောက်တိုက် အလိမ်ခံရရင်ကော။ ကျွန်တော် ဘာတစ်ခုမျှ မတတ်ဘူးဆိုပါ


mgyoe.com

mgyoe.com SAMPLE BOOK


တော့။ ဒီ့အပြင် အိမ်ငှားတွေဒဏ် မခံနိုင်ပါဘူးတဲ့" စသည်ဖြင့် စာဒက တက်ကြပါတယ်။

ဒီလူတွေအတွက် ကျွန်တော် ခုလို တုံ့ပြန် အဖြေပေးမိပါတယ်။

"ဒါဆိုလည်း သင်တန်းမတက်တာက ခင်ဗျားအတွက် ပိုကောင်းဦးမယ်"လို့ ပါပဲ။

ခက်တာက လူအတော်များများဟာ သူတို့ဘဝကို ကောင်းရာ မွန်ရာပို့မယ့် နည်းလမ်းတွေကို ရှာကြပေမယ့် တကယ့်တကယ် အဖြေ တွေ့လာပြန်တော့ သဘောမကျကြတာပါပဲ။

ကျွန်တော်ကိုယ်တိုင်တောင်

"ခင်ဗျားမျက်နှာကြီး ဖိုးဝရုပ်ဖြစ်အောင် နင်းကန်မစားနှင့်။ တစ်နေ့ ၃ နာရီလောက် လေ့ကျင့်ခန်းလုပ်"လို့ ပြောတာမျိုးကို မကြိုက်ချင်ဘူးလေ။ ဒါဟာ အာနိုးလ်လို ကာယဗလ မလှချင်လို့လည်း ဖြစ်ပါလိမ့်မယ်။

အဲ...ဆိုလိုရင်းတော့ လူအများစု မချမ်းသာကြတဲ့ အကြောင်း ရင်းဟာ သူတို့ရတဲ့အဖြေ (လုပ်ထုံးလုပ်နည်း)ကို မကြိုက်လို့ပဲ ဖြစ် ကြောင်းပါ။

ကျွန်တော့်အမြင်မှာ လုပ်ထုံးလုပ်နည်းထက် ထိုက်တန်တဲ့ တန်ဖိုး(လုပ်အား)ကို မပေးချင်လို့ပဲ ဖြစ်မယ်လို့ ထင်ပါတယ်။

သူဌေးဖေဖေ ပြောသလိုဆို

"လူတွေက 'ချမ်းသာချင်တယ်'လို့ တဖွဖွပြောနေကြပေမယ့် တန်ရာ တန်ဖိုး မပေးချင်ကြဘူး"ပေါ့။


mgyoe.com

mgyoe.com SAMPLE BOOK


ခု–ဒီစာအုပ်မှာတော့ ခြိုးခြံချွေတာမှု, သိက္ခာကျမှု, မရိုးမသား ညစ်ပတ်ကောက်ကျစ်မှု၊ ဒါမှမဟုတ် ပိုက်ဆံချမ်းသာသူကို မချစ်ဘဲနှင့် ရယူမှု၊ ဘာတစ်ခုမျှမပါဘဲ သူဌေးဖြစ်ရေးအတွက် ရင်းနှီးပေးဆပ်ရမယ့် တန်ဖိုးတွေကို တင်ပြထားတာပါ။

ဒီစာအုပ်အရ ချမ်းသာအောင်လုပ်နည်းနှင့် သူကြွယ်ကြီးဘဝမှာ နေထိုင်ဖို့ ပုံစံတွေကို သင်ယူနိုင်ပါတယ်။ ဒါပေမယ့် တန်ဖိုး တစ်ခုခု တော့ ပေးရပါလိမ့်မယ်။

သူဌေးဖေဖေ စကားအရဆို

"တစ်စုံတစ်ရာရဲ့တန်ဖိုးကို ငွေနှင့် အမြဲ ပိုင်းဖြတ်တိုင်းတာလို့ မရဘူးကွ" လို့ပါပဲ။

ကျွန်တော့်အဖြေတွေနှင့် သူဌေးဖေဖေရဲ့အဖြေတွေကို မနှစ် သက်လို့ သူဌေးဖြစ်မယ့် တခြားနည်းလမ်းတွေ ရှာမယ်ဆိုရင်တော့ 'ဘယ်သူ မီလျံနာဖြစ်ချင်သလဲ' ဆိုတဲ့ ဉာဏ်စမ်းပဟေဠိတွေဖြေဖို့, မျက်စိမှိတ် ကံစမ်းထီထိုးဖို့ပဲ ရှိတော့မှာပါ။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၁

## မြို့ခံရွှေ့တာခြင်း၏တန်ဖိုး

တစ်စုံတစ်ရာ၏တန်ဖိုးကို ငွေနှင့်အစဉ်သဖြင့် တိုင်းတာလို့မရ။

သူဌေးဖေဖေ

မြို့ခံရွှေ့တာဖို့အကြံနှင့် လက်ရှိ လူနေမှုအဆင့်အတန်းထက် နိမ့်ချပြီးနေတာကို တွင်ကျယ်အောင် အားပေးအားမြှောက်ပြုလုပ်တဲ့ စာအုပ်တွေ တစ်ပုံကြီး ရှိပါတယ်။

များသောအားဖြင့် ငွေကြေးကိစ္စကျွမ်းကျင်သူ အမည်ခံပုဂ္ဂိုလ်တွေက ရေးကြ၊ ပြောကြ၊ ရေဒီယိုနှင့် တီဗီက ရုပ်သံလွှင့်ကြတာဖြစ်ပြီး၊ အကြွေးဆပ်ခွင့် ခရက်ဒစ်ကတ်တွေကို အဆက်ဖြတ်ပစ်ဖို့၊ ငွေစုဖို့၊ အငြိမ်းစား စိမ်ကိန်းထဲ ငွေတွေပုံအောသွင်းဖို့၊ တစ်ပတ်ရစ်ကားတွေသာ ဝယ်စီးဖို့၊ အိမ်ငယ်လေးနှင့်နေဖို့၊ လျှော့ဈေးဝယ်ခွင့် ကူပွန်တွေ သိမ်းထားဖို့၊ ဈေးရောင်းပွဲတွေမှာ သွားဝယ်ဖို့၊ အိမ်မှာပဲ စားသောက်ဖို့၊



mgyoe.com

mgyoe.com SAMPLE BOOK



အဝတ်အစားတွေကို အကြီးတွေက -အငယ်တွေ လက်ဆင့်ကမ်းဝတ်ပေးဖို့၊ ဈေးသက်သာတဲ့ အပန်းဖြေခရီးထွက်ဖို့နှင့် တခြားကိစ္စတွေ အကြံပေးနေကျပေါ့။

ဒီလို သူ့အချိန်နှင့်သူ၊ သူ့နေရာနှင့်သူ ခြိုးခြံချွေတာဖို့ဆိုတာ လူအတော်များများအတွက် အကောင်းဆုံးအကြံဉာဏ်တွေ ဖြစ်ပေမယ့်၊ ဒီအကြံဉာဏ်ကို မကြိုက်တဲ့လူတွေလည်း အများကြီးပါပဲ။ လူအများစုဟာ ငွေပေးဝယ်လို့ရသမျှ ဘဝစည်းစိမ်ကို တတ်နိုင်သလောက် စံစားစေချင်ကြသလို၊ နန်းတော်အိမ်တစ်လုံး, ဇိမ်ခံကားသစ်လေးတစ်စီး, အဖိုးတန် အသုံးအဆောင်တွေနှင့် ငွေကုန်ကြေးကျများတဲ့ အပန်းဖြေခရီးတွေကို သွားလိုကြရာက ဘဏ်မှာ ပိုက်ဆံ မအပ်ချင်ကြပါဘူး။

ခက်တာက ကျွန်တော်တို့အများစုက အာရပ်ရေနံသူဌေးတွေ, ဆွစ်ဇာလန်ဘဏ်ပိုင်ရှင်တွေ, ဘီလ်ဂိတ် အဆက်အနွယ်တွေထက်ပိုချမ်းသာတဲ့ ဦးလေးတွေ, မိဘတွေက ဆပ်ပေးမယ့်အတိုင်း ပလက်တီနမ်ကတ်လေးတွေကို အတိုင်းအဆမရှိ ဖုံးပေါလအော သုံးခဲ့ကြတာပါပဲ။

လူ့လောကရဲ့ အကောင်းဆုံး, အလှပဆုံးတွေကို မက်မောမှုကြောင့် ငွေနှင့်ပတ်သက်ပြီး သောကဒုက္ခရောက်ရသူတွေလည်း မနည်းမနောပါပဲ။

ဒါကြောင့်လည်း ငွေကြေးသုံခမိန်ကြီးတွေက–

"ခရက်ဒစ်ကတ်တွေဖြတ်၊ လူတန်းစေ့ မနေကြနှင့်၊ တစ်ပတ်ရစ်ကားတွေပဲ စီး"လို့ မိန့်မှာကြရတဲ့အဖြစ် ရောက်ရတော့တာပေါ့။



mgyoe.com

mgyoe.com SAMPLE BOOK


တစ်ဘက်က ကျွန်တော့်သူဌေးဖေဖေကတော့ "ခရက်ဒစ်ကတ်တွေဖြတ်"လို့ ဘယ်တုန်းကမျှ မပြောခဲ့သလို "နိမ့်ကျတဲ့အဆင့်မှာနေ"လို့လည်း တစ်ခါမျှ ဩဝါဒ မပေးခဲ့ပါဘူး။

သူက မယုံကြည်တာကို မလုပ်ဖို့ အကြံပေးခဲ့တာပဲ ဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ။

'ခြိုးခြံချွေတာရမယ်'ဆိုတဲ့ကိစ္စနှင့် ပတ်သက်လာရင် သူက–

"မင်း–ခပ်ညံ့ညံ့ အပေါစားတွေသုံးပြီး ချမ်းသာနိုင်ပါတယ်။ ဒါပေမယ့် ပြဿနာက ချမ်းလာနေချိန်အထိ အပေါစား လိုက်နေတတ်တာပဲ" လို့ ပြောပါတယ်။ ဒီ့အပြင်လည်း–

"အငတ်အပြတ်ခံပြီး ချမ်းချမ်းသာသာနှင့် သေသွားဖို့တော့ ငါမစဉ်းစားဘူး။ အခိပ္ပာယ်ရှိတယ်လို့လည်း ငါ မထင်ဘူး။ ကိုယ်သေပြီးတဲ့နောက် တစ်သက်လုံး စုဆောင်းထားတဲ့ငွေတွေကို ကျန်တဲ့ကလေးတွေက အမွေခွဲယူ သုံးဖြုန်းပစ်မှာ ဘယ်သူ လက်ခံနိုင်မှာလဲ"တဲ့။

"ဒီကြားထဲ တချို့က ဆက်အငတ်ခံပြီး ဆင်းရဲချင်ယောင်ဆောင်ကြသေးတယ်။

သူဌေးဖေဖေကတော့ အဲ့သလိုနေ့မယ့်အစား ခုလို အကြံပေးပါတယ်။

"မင်း တစ်ခုခုကို လိုချင်ရင် ထိုက်သင့်တဲ့တန်ဖိုးကို ရှာကြည့်ပြီး တန်ရာတန်ဖိုး ပေးပါ။ အဲ...တစ်သက်လုံးမှတ်ထားဖို့က ဘာမဆို တန်ဖိုးတစ်ခုတော့ ရှိကြတာလို့ပဲ။ သူဌေးဖြစ်ဖို့အတွက် ခပ်ညံ့ညံ့တွေ သုံးမယ်ဆိုရင်တော့ မင်းတစ်သက် အညံ့စားဖြစ်သွားမှာ သေချာတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK


## သူဌေးဖြစ်သော အခြားနည်းများ

သူဌေးဖေဖေက ဆက်ပြီး ရှင်းပြပါတယ်။

"မင်းတို့ဟာ သူဌေးသား, သူဌေးသမီးတစ်ယောက်ကို လက်ထပ်ပြီး ချမ်းသာအောင်လုပ်လို့ ရပါတယ်။ ဒါပေမယ့် အဲ့ဒီမှာလည်း သူ့တန်ဖိုးနှင့် သူ ပေးဆပ်ရမှာပဲ။ နယူးယောက်က ငါ့အတန်းဖော် သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ မကြာခဏပြောတတ်တာကတော့ 'သူဌေးသမီးရဖို့ဆိုတာ ဆင်းရဲသူတစ်ယောက်ကို ယူသလို လွယ်လွယ်လေးရယ်'တဲ့။ အချောင်သမားစိတ်ဓာတ်မျိုးက ရွံစရာကောင်းလှပါတယ်ကွာ"

ပြီးတော့ ကလိန်ကကျစ်ကျပြီး ချမ်းသာအောင်လုပ်တဲ့နည်းလည်း ရှိသေးရဲ့။ သိတဲ့အတိုင်း အဲ့ဒီနည်းက ပေးဆပ်ရတဲ့ တန်ဖိုးကတော့ နည်းတာမဟုတ်ပါဘူး။

ကျွန်တော် ငယ်ငယ်က လူဆိုးလူညစ်တွေဟာ မျက်နှာဖုံးစွပ်ပြီး ဘဏ်တွေမှာ ပြတိုက်ကြတာလို့ ထင်ခဲ့တယ်။ ဒီခေတ်မှာတော့ သူတို့ကို မိုးပြာရောင်ဝတ်စုံ, ရှပ်အင်္ကျီအဖြူနှင့် နက်ကတိုင်အနီတွေ တပ်ထားကြပြီး လူ့အသိုင်းအဝိုင်းမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေအဖြစ် လက်ခံကြတာ တွေ့ရတာပဲ။

တချို့ကလည်း ကက်ဆီနိုကစားဝိုင်းတွေ, မြင်းပွဲတွေ, ထီတွေ, လောင်းကစားပြီး ချမ်းသာလာကြတယ်။ စတော့ဈေးကွက်ထဲကို သူတို့ငွေတွေ မျက်စိမှိတ်ပစ်ထည့်ပြီး ကံကောင်းထောက်မစွာ ချမ်းသာသွားကြတယ်။ အဲ့ဒီ တန်ဖိုးအစစ်အမှန်တွေလည်း ကျွန်တော်တို့ သိပြီး


mgyoe.com

mgyoe.com SAMPLE BOOK

သွားပါ။

ဒေါ့ကွန်း(dotrcom)အရူးထတဲ့အချိန်က "ကျုပ် အင်တာနက်ကုမ္ပဏီ ထောင်ထားတယ်"လို့ ပြောရုံလေးနှင့် လူအတော်များများက ချက်လက်မှတ်ရေးပေးဖို့ အသင့်ဖြစ်နေတာကလား။

အဲ၊ နောက်တစ်နည်းကတော့ လူတကာမျက်ခုံးမွေးပေါ် စကြံလျှောက်၊ အနိုင်ကျင့် ဗိုလ်ကျပြီးချမ်းသာအောင် လုပ်တာပဲ။ အဲဒီလူစားမျိုးတော့ ဘယ်လို ဇာတ်သိမ်းခန်းဆိုက်သလဲဆိုတာ အထူးပြောစရာ မလိုပါဘူး။ သူတို့ဟာ အကောင်ကြီးတာနှင့်အမျှ လူတွေကရှောင်ကြတာ များတယ်။ ဒါမှမဟုတ်လည်း သူတို့လုပ်သမျှ ခံမယ့်လူတွေကြားမှာပဲ ကျင်လည်ကြတယ် ဆိုပါတော့။

ပြီးတော့ ခုနပြောခဲ့သလို အပေါစားသုံးပြီး အညံ့စားဘဝနှင့်ချမ်းသာလာကြသူတွေပဲ။ ချားလ်စ်ဒစ်ကင်းစ်ရဲ့ 'ခရစ္စမတ်ကာရီးဂန္ထဝင်ဝတ္ထုထဲက စခရု(ဂျ်)လို သူဌေးနှင့်လုပ်နေတဲ့ လူမျိုးကို လူတွေကနှာခေါင်းရှုံ့ကြတာပဲလေ။ ဒီလူစားတွေက အမြဲ စီးပိုးတတ်သလိုအကြီးအကျယ် လျှော့ဈေးချတာမျိုးကိုပဲ အမြဲလိုချင်တယ်။ ကျသင့်ငွေတောင်းတာကို အမြဲတတ်တဲ့အပြင် တစ်ခါတလေ ပေးဖို့တောင်ငြင်းကြတယ်။

ကျွန်တော့်မိတ်ဆွေ အထည်ပိုင်ရှင်တစ်ယောက် ပြောတာတော့အဲသလိုဈေးဝယ်တွေနှင့် မကြာမကြာ ပြဿနာတက်ရတယ်တဲ့။ သူတို့က အဝတ်အစား ဝယ်သွားတယ်၊ ပါတီတက်တယ်၊ ၃–၄ ရက်ကြာပြီးတော့မှ ဘာဘာညာညာအကြောင်းပြပြီး အထည်ကို ပြန်ပေး၊ ငွေပြန်တောင်းတတ်ကြလို့တဲ့။


mgyoe.com

mgyoe.com SAMPLE BOOK


အလားတူပဲ ကားအိုကားဟောင်းကြီးတွေစီး၊ အထည်ဟောင်းတွေပဲဝတ်၊ အညံ့စား ရှူးဖိနပ်တွေဝယ်၊ ဘဏ်မှာ သန်းချီအပ်ထားတဲ့ သနားစရာလူဆင်းရဲတွေလည်း ရှိသေးတယ်။ ဒီလို အပေါစား ခြိုးခြံ ချွေတာ နေထိုင်စားသောက်သူတွေရဲ့ ဘဝတန်ဖိုးဟာ ငွေနှင့် ဆက်လို့ မရတဲ့ အဓိပ္ပာယ်ပေါ့။ ကျွန်တော် ချွေတာရေးလမ်းစဉ် လိုက်တုန်းကလည်း လူတွေက လှောင်ပြုံးပြုံးကြပြီး၊ ဖောဖောသီသီ ရက်ရက်ရောရော သုံးတဲ့အခါမှာ နှစ်သက်ကြပုံ ပြတယ်။ ဥပမာပြောရရင် ကျွန်တော့်ကို ကောင်းကောင်းမွန်မွန်ပြုစုတဲ့အတွက် ဘောက်ဆူးနည်းနည်းပေးလိုက်တာဟာ နောက်ထပ် ပိုပြီး ဂရုစိုက်ခံခဲ့ရပါတယ်။ တစ်နည်းအားဖြင့် လူတွေဟာ 'စေ့ကုတ်သူ'ထက် 'ရက်ရောသူ'ကို ပိုသဘောကျတယ် ဆိုတာပါပဲ။

## လူတိုင်း သူ ဋ္ဌေးဖြစ်နိုင်သ လား

သူဋ္ဌေးဖေဖေနှင့် ကျွန်တော်ဟာ သူဋ္ဌေးဖြစ်စေတဲ့ တန်ဖိုးတွေနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်ဆွေးနွေးမိကြပါတယ်။

သူ့စကားအရတော့–

"လူချင်းကွာခြားသလိုပဲ တန်ဖိုးတွေကလည်း ကွာခြားသွားတယ်ကွ"

ပြီးတော့ သူပြောခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK


"ဘဝကို ပေါ့ပေါ့လွယ်လွယ်လေး တွေးတဲ့လူတွေဟာ လူပျင်းတွေပဲ"တဲ့။

သူ့စကားကို ဘဝင်မကျမိတာနှင့်

"လူချင်းကွာသလို တန်ဖိုးတွေလည်း ဘယ်လိုကွာသွားတာလဲ။ ရှင်းပြပါဦး"လို့ ကျွန်တော်က ဆိုတော့–

"ငါကတော့ တို့တစ်တွေဟာ ထူးခြားတဲ့ ပါရမီတွေ, ပင်ကိုအရည်အသွေးတွေကိုယ်စီနှင့် လူ့လောကကို ရောက်လာကြတာလို့တွေးတယ်။ သီချင်းဆိုတာ ပန်းချီဆွဲတာ, အားကစားတာ, စာပေရေးသားတာ အုပ်ထိန်းတာ, တရားဟောတာ, စာသင်တာ စသည်ဖြင့် အလုပ်အကိုင်အမျိုးမျိုးမှာ ပင်ကိုအရည်အသွေးနှင့် ပါရမီတွေ သုံးကြရတာပဲ။ ဘုရားပေးတဲ့အရည်အသွေးတွေ ပိုပြီး ထက်မြက်တောက်ပြောင်အောင် ကြိုးစားတာကိုက လူ့တန်ဖိုးတွေ ဖြစ်သွားတယ်။ ဒီလောကကြီးမှာ ထူးချွန်တဲ့ လူတော်တွေ, အရည်အသွေး ပြည့်ဝသူတွေ, ပါရမီရှင်တွေနှင့် ပြည့်နေတယ်။ သူတို့ဟာ စီးပွားရေးအရ အသက်မွေးဝမ်းကျောင်းမှုအရ ပေါင်းသင်းဆက်ဆံရေးအရ အောင်မြင်သူတွေဟုတ်ချင်မှဟုတ်မယ်။ သူတို့တစ်ယောက်ချင်းစီမှာ ပါရမီဓာတ်ခံတွေရှိကြသလို၊ ကျော်လွှားရမယ့် အခက်အခဲ စိန်ခေါ်မှုတွေလည်း ရှိနေခဲ့ကြတယ်။ ပြီးပြည့်စုံတဲ့ လူရယ်လို့ မရှိကြပါဘူး။ သူတို့အဖို့ ပါရမီနှင့်စိန်ခေါ်မှုတွေရှိသလို စွမ်းအားနှင့် လျော့ညံ့မှုတွေလည်း ဒွန်တွဲပါနေတာပဲ။ ဒါကြောင့်လည်း လူချင်းကွာသလို ပေးဆပ်ရတဲ့တန်ဖိုးတွေလည်း ကွာတာကြောင့်ဖြစ်တယ်လို့ အဖြေထုတ်ရမှာပဲ။ 'ဘဝဆိုတာကို လွယ်လွယ်လေးလို့ တွေးတဲ့လူတွေဟာ လူပျင်းတွေပဲ'လို့


mgyoe.com

mgyoe.com SAMPLE BOOK


ပြောခဲ့တာပေါ့။

လူပျင်းတွေအကြောင်း သူဌေးဖေဖေ ပြောတာ မှန်,မမှန်တော့ မသိပါဘူး။ ကျွန်တော့်အတွက်တော့ အသုံးကျခဲ့ပါတယ်။ မလွယ်တဲ့ ကိစ္စတွေ, စိတ်တိုင်းမကျတဲ့ အဖြစ်မျိုးတွေ ကြုံတိုင်း ကျွန်တော့်ကိုယ် ကျွန်တော် ဖြေသိမ့်စရာ စကားတစ်လုံး ဖြစ်လာပါတယ်။

"ဒီကိစ္စကို အလွယ်တကူ လုပ်ချင်လိုက်တာ"လို့ ကိုယ့်ကိုယ်ကို ပြောတဲ့အခါတိုင်း ပျင်းလာတတ်တာလည်း သတိပြုမိပါတယ်။

ဒီလိုနှင့် အလုပ်တွေကို ပိုလွယ်စေချင်တဲ့ဆန္ဒ ပေါ်လာပြီဆိုရင် တစ်ချက် နားလိုက်တယ်။ ကိုယ့်မျှော်မှန်းချက်ကို ပြန်စစ်တယ်။ ရေရှည် တန်ဖိုးကို တွက်တယ်။ ဒါနှင့်မှ အလျှင်းတစ်ပြီး ခပ်ပေါ့ပေါ့ ခပ်ညံ့ညံ့ လုပ်မယ်ကြံတိုင်း၊ ဒါမှမဟုတ် အကျင့်ပျက်နေတဲ့ လူငယ်တစ်ယောက် ပုံစံမျိုး ချိုးမယ်လုပ်တိုင်း ပေးဆပ်ရမယ့် တန်ဖိုးကို အလေးထားစဉ်းစား တာပါပဲ။

## ငွေဆိုတာ တန် ဖိုးပေးဆပ်ခြင်း ရဲ့ ဆုလာဘ်ပါ

သူဌေးဖေဖေက ခုလိုလည်း ပြောပါသေးရဲ့။

"လူချမ်းသာ, နာမည်ကျော်ကြားတဲ့လူ၊ ဒါမှမဟုတ် အောင်မြင်နေတဲ့လူ ဘယ်သူ့ကိုမဆို သွားမေးကြည့်။ သူတို့ အဲဒီလို ဖြစ်ခဲ့ကြရာမှာ စိန်ခေါ်မှုတွေနှင့် အန္တရာယ်ကောင်တွေကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်ခဲ့ရ တယ်ဆိုတာ ပြောပြမှာ သေချာတယ်။ ဒီမယ် ငါ့သား။ မင်း နားလည်


mgyoe.com

mgyoe.com SAMPLE BOOK


ထားဖို့က ဘယ်ဟာမှ အလကားမရဘူး ဆိုတာပါပဲ။ ငါ့ဘဝတိုက်ပွဲကို စ,ခဲ့ရတဲ့အချိန်မှာ ငွေမရှိ၊ ပညာမရှိတော့ စိန်ခေါ်မှုတွေက ပိုပြင်းထန်ခဲ့တယ်။ အဖေသေတော့ မိသားစုတစ်ခုလုံး ကျွေးမွေးစောင့်ရှောက်ဖို့ တာဝန်က ငါ့ခေါင်းပေါ် ပုံကျလာတယ်။ ဒီ့အပြင် ဒီထက်ကြီးမားတဲ့ အခက်အခဲတွေက အသင့် စောင့်နေသေးတယ်။ ငါက တန်ရာတန်ဖိုး ပေးပြီး ဒီခရီးကို ဖြတ်သန်းခဲ့ရာက၊ အဆုံးမှာ အကြီးအကျယ်ချမ်းသာ တဲ့ဘဝကို ပိုင်ဆိုင်ခဲ့တာပဲပေါ့။ ဒါဟာ ငွေဆိုတာ တန်ဖိုးပေးဆပ်ခြင်း က တုံ့ပြန်ရရှိတဲ့ ဆုလာဘ်လို့ ဆိုရမှာပဲ"

## လုံခြုံမှုအာ
## မခံရဲ့တန်ဖိုး

သူဌေးဖေဖေဟာ ကျွန်တော်နှင့် သူ့သား မိုက်တို့ကို တစ်စုံ တစ်ရာရဲ့ တန်ဖိုးတွေအကြောင်း အမြဲသတိထားဖို့ နှစ်ပေါင်းများစွာ လေ့ကျင့်သင်ကြားပေးခဲ့တာပါ။

ကျွန်တော် 'ဆင်းရဲဖေဖေ'လို့ခေါ်တဲ့ အဖေအရင်းဖြစ်သူက

"လုံခြုံစိတ်ချ အာမခံချက်ရှိတဲ့အလုပ်ကို ရှာကွ"လို့ တိုက်တွန်း အကြံပေးတော့၊ သူဌေးဖေဖေက

"လုံခြုံမှုဆိုတာလည်း တန်ဖိုးတစ်ခုခုတော့ ရှိတာ မမေ့နှင့်"တဲ့။ သတိပေးပါတယ်။

"လုံခြုံမှုရဲ့တန်ဖိုးက ဘာတွေလဲ"လို့ ပြန်မေးတဲ့အခါ–

"လူအများစုအဖို့တော့ လုံခြုံမှုရဲ့တန်ဖိုးက တစ်ကိုယ်ရေ လွတ် မြောက်မှုပဲ။ လွတ်မြောက်မှုမရှိတဲ့ လူအတော်များများဟာ ငွေအတွက်


mgyoe.com

mgyoe.com
SAMPLE BOOK


အလုပ်တွေကို တစ်သက်လုံး ကျုံးလုပ်ရတော့မယ်။ ဒီလိုနှင့် သူတို့ရဲ့ မျှော်လင့်ချက်အိပ်မက်တွေနှင့် ပိုဝေးတဲ့ဘဝ ရောက်သွားရလိမ့်မယ်။ ငါ့အတွက်တော့ မျှော်လင့်ချက် အိပ်မက်တွေ အပြီးအပိုင်မရတဲ့ဘဝမှာ နေရတာဟာ လုံခြုံမှုအတွက် ပေးရတဲ့တန်ဖိုး ကြီးမားလွန်းလှတယ် ထင်တာပဲ”တဲ့။

ပြီးတော့ သူ မှတ်ချက်ပေးနေကျ စကားတစ်ခွန်းလည်း ရှိတယ်။

“လွတ်မြောက်မှုကို ကျော်ပြီး လုံခြုံစိတ်ချရမှုကို ရှာတဲ့လူတွေဟာ အခွန်အကောက်တွေလည်း ပိုပေးရတယ်ကွ။ ဒီလိုနှင့် လုံခြုံစိတ်ချရပြီး တည်မြဲတဲ့အလုပ်ကို ရပေမယ့် သူတို့ကိုအလုပ်ပေးတဲ့ အလုပ်ရှင်တွေထက် အခွန်ပိုဆောင်ရတာပဲ”

ကျွန်တော်ဟာ ဒီအကြောင်းကို ဦးနှောက်စားခံပြီး တွေးခဲ့မိပါတယ်။

နောက်တစ်ကြိမ် သူဌေးဖေဖေနှင့်တွေ့တော့ ခုလို မေးခွန်းထုတ်မိတာပါပဲ။

“ကျွန်တော့်အနေဖြင့် လုံခြုံစိတ်ချရမှုနှင့် လွတ်မြောက်မှုမှာ ဘာကို ရွေးရမလဲ။ တစ်နည်းဆိုရင် တစ်ခုကိုယူရင် နောက်တစ်ခုကို မရတော့ဘူးလား”

သူဌေးဖေဖေက ကျွန်တော် ခေါင်းခြောက်အောင် စဉ်းစားခဲ့တာကို ရိပ်မိပုံနှင့် ဟက်ဟက်ပက်ပက်ရယ်ပြီး–

“ဘယ် ဒီလိုဟုတ်ပါ့မလဲကွ။ ဟင်းဟင်း၊ တစ်မျိုးရပြီး နောက်တစ်မျိုး မရမှာမဟုတ်ဘူး။ အဲ၊ ၂ မျိုးစလုံး မင်းအရယူနိုင်တယ်”


mgyoe.com

mgyoe.com
SAMPLE BOOK


"အာမခံချက်ကော, လွတ်မြောက်မှုပါ ရမယ်ဆိုတဲ့ သဘောလား"

"အသေအချာပဲ။ ငါကိုယ်တိုင်လည်း ၂ မျိုးစလုံး ရထားတာပဲ"

"ဒါဖြင့် လူအများစုအတွက် လုံခြုံမှုရဲ့တန်ဖိုးဟာ တစ်ကိုယ်ရေ လွတ်မြောက်မှုလို့ ပြောခဲ့တာ ဘာကြောင့်ပဲ၊ လူများစုအနေနှင့် တစ်မျိုးတည်းပဲရပြီး အန်ကယ်ကတော့ ၂ မျိုးစလုံး ဘယ်လို ရခဲ့တာလဲ။ ဘာတွေ ကွာခြားသွားလို့လဲ"

"တန်ဖိုးချင်းပေါ့။ အရာရာတိုင်းမှာ သူ့တန်ဖိုးနှင့် သူ ရှိတယ်ဆိုတဲ့စကားကို အမြဲ ငါပြောခဲ့သားပဲ။ များသောအားဖြင့် လူတွေက လုံခြုံစိတ်ချရမှု, အလုပ်တည်မြဲမှုကိုရဖို့သာ တန်ဖိုးကို ပေးချင်ကြပြီး၊ လွတ်မြောက်မှုအတွက်တော့ ထိုက်တန်တဲ့တန်ဖိုး မပေးချင်ကြဘူး။ ဒါဟာ သူတို့ ၂ မျိုးထဲက တစ်မျိုးပဲရခဲ့ရတဲ့ အကြောင်းရင်းပေါ့"

"ဒါဆို ဖေဖေက လုံခြုံမှုအာမခံချက်နှင့် လွတ်မြောက်မှု ၂ ခုစလုံးကို ဘယ်လိုကြောင့် ရခဲ့ရတာလဲ"

သူ့သားမိုက်က အခန်းထဲဝင်လာရင်းနှင့် မေးလိုက်တာပါ။

သူဌေးဖေဖေက ပြုံးပြီး–

"ငါက တန်ဖိုးရဲ့ ၂ ဆ ပေးခဲ့တာကိုးကွ။ ဆိုလိုတာကတော့ လုံခြုံမှုနှင့် လွတ်မြောက်မှု ၂ ခုစလုံးအတွက် တန်ဖိုးပေးဖို့ ကြိုးစားခဲ့တယ်ပေါ့။ ဒါဟာ ကား ၂ စီးရှိတာနှင့် ဘာမှမခြားပါဘူး။ ဆိုကြပါစို့။ ငါက ကုန်တင်ထရပ်ကား လိုချင်သလို ကိုယ်ပိုင်ကားလည်း ကိုယ်ပိုင်ချင်တယ်။ ၂ စီးစလုံး တစ်ပြိုင်တည်းရဖို့အတွက် တန်ဖိုး ၂ မျိုးစလုံးကို ပေးခဲ့တယ်လေ။ လူများစုကတော့ သူတို့ဘဝတစ်လျှောက်လုံး တစ်မျိုး


mgyoe.com

mgyoe.com SAMPLE BOOK


တည်းသာပေးပြီး၊ ၂ မျိုးစလုံးမှ မပေးဘဲ"

တစ်ဆက်တည်း သူ ပြောပါသေးတယ်။

"ငါက တန်ဖိုးအပြည့် မပေးနိုင်ရင်တောင် အတိုင်းအတာတစ်ခု အထိတော့ ပေးဆပ်ခဲ့တယ်လေ။ ဒီနေရာမှာ တစ်ခုထပ်ဖြည့်ချင်တာက တန်ဖိုး ၂မျိုးစလုံးပေးဖို့ ဆန္ဒဟာ ရှင်းလင်း ပြတ်သားရမယ်ဆိုတာပဲ"

ကျွန်တော်တို့ ၂ ယောက်စလုံး အူလည်လည်ဖြစ်သွားကြတာကို သူဌေးဖေဖေ နားလည်ခဲ့သလို ထပ်ပြီးရှင်းပြခဲ့တာက ဒီလိုပါ။

"ဒါနှင့် ဟိုအရင် ၁ ပတ် ၂ ပတ်လောက်က မင်းတို့ရဲ့ သိပ္ပံအိမ်စာတွေ ကူလုပ်ပေးခဲ့တာ မှတ်မိသေးလား။ မင်းတို့ နယူတန်ရဲ့ နိယာမအကြောင်း သင်တုန်းကလေ"

"ဟုတ်ကဲ့"

"အဲဒီနိယာမအရ လှုပ်ရှားမှုတိုင်းမှာ ညီမျှတဲ့ ဆန့်ကျင်ဘက် တုံ့ပြန်မှု ရှိတယ်ဆိုတာကော သတိရသေးသလား"

ကျွန်တော်တို့က ပြိုင်တူ ခေါင်းညိတ်လိုက်ပါတယ်။ မိုက်က–

"ဒါကြောင့်လည်း ဂျက်လေယာဉ်တွေ မိုးပေါ် ပျံနိုင်တာပေါ့။ အင်ဂျင်ကတွန်းကန်အားနှင့် မှုတ်ထုတ်လိုက်တဲ့ အရှိန်ဖြင့် ဂျက်လေယာဉ်က ရှေ့ကို သွားတာပဲပေါ့"

"မှန်တယ်။ နယူတန်ရဲ့ နိယာမဟာ ကမ္ဘာ့နိယာမ ဖြစ်လာခဲ့ပြီးတဲ့နောက် ဂျက်အင်ဂျင် တစ်ခုတည်းသာမကဘဲ. အရာရာတိုင်းမှာ အသုံးချနိုင်ခဲ့ကြတယ်။ အရာရာတိုင်းမှာနော်"

"ဟုတ်ကဲ့။ အရာရာတိုင်းမှာပါ"

"ဒါဆို ငွေကြေးအခြေပြဇယား, စီးပွားရေးစစ်တမ်းတွေ


mgyoe.com

mgyoe.com SAMPLE BOOK



နှင့်ပတ်သက်လို့ သင်ပေးခဲ့တဲ့ သင်ခန်းစာတွေ ပြန်စဉ်းစားကြည့်စမ်း။ 'အသုံးစရိတ်'တွေ ရှိတာနှင့်အမျှ တစ်ဘက်ကလည်း 'ဝင်ငွေ' ရှိရမယ် ဆိုတာလေ"

ဒီတွင် သူပြောတဲ့ 'အရာရာတိုင်း' ဆိုတဲ့အဓိပ္ပာယ်ကို ကျွန်တော် သဘောပေါက်သွားပါတယ်။ နယူတန်ရဲ့နိယာမဟာ စီးပွားရေးစစ်တမ်း မှာလည်း အသုံးဝင်တာပါပဲလား။

"ဒီလိုနှင့် ပိုင်ဆိုင်မှုတိုင်းမှာလည်း ပေးဆပ်မှုတွေ ရှိနေခဲ့ ရတာပေါ့။ ကမ္ဘာ့နိယာမဟာ အရာအားလုံးနှင့် သက်ဆိုင်နေတာပဲ"

ကျွန်တော့်စကားကို မိုက်ကလည်း ထောက်ခံတဲ့အနေဖြင့်–

"ဟုတ်တယ်။ အတက်ရှိရင် အကျရှိရမယ်။ အဟောင်းကို အသစ်နှင့် အစားထိုးရတယ်။ အိုင်းစတိုင်း စကားအရဆိုရင် အားလုံးဟာ ဆက်စပ်မှုရှိနေတယ်"

"သိပ်မှန်တာပေါ့ကွာ"

သူဌေးဖေဖေက အားပါးတရပြုံးပြီး ပြောလိုက်တာပါ။

မိုက်က ဆက်မေးတယ်လေ။

"ဒီတော့ လုံခြုံမှုနှင့် လွတ်မြောက်မှုရယ်၊ တန်ဖိုး ၂ ခါပြန် ပေးဖို့တွေရယ်မှာ ဒီနိယာမက ဘယ်လို အသုံးဝင်သွားပါသလဲ"

"ကောင်းလိုက်တဲ့ မေးခွန်းကွာ။ အရေးကြီးတာက မင်း တန်ဖိုး ၂ ခုစာ မပေးရင် မင်းလိုချင်တာ ဘာမျှရတော့မှာ မဟုတ်ဘူးဆိုတာ သိဖို့ပဲ။ တစ်နည်းပြောရရင် တန်ဖိုးရဲ့ နှစ်ဆမပေးရင် ပထမပေးထားတာ အလကား ဖြစ်သွားမယ်။ ရှင်းချက်ထုတ်ပြီးပြမယ်။ အလုပ်အာမခံချက် ကို လုံခြုံမှုတစ်ခုအတွက်သာ တန်ဖိုးပေးတဲ့လူတွေဟာ တကယ်တမ်း



mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်မချရဘူးပေါ့။ လုံခြုံမှုနှင့်ပတ်သက်လို့ အသိအမြင်လွဲမှားရာက လုံခြုံစိတ်ချရမှု ဘယ်တော့မှ မရတာပဲ”

“ဒီလိုဆိုတော့ ကျွန်တော့်ဖေဖေက လုံခြုံစိတ်ချရတယ်ထင်တဲ့ အလုပ်ဟာ တကယ်တမ်းဆန်းစစ်ကြည့်ရင် အစစ်အမှန်လုံခြုံမှု အာမခံချက်မရှိသလို ခံစားရတယ် ဆိုပါတော့”

“အဲဒါ သူက အသွားခရီးအတွက်ပဲ ပေးခဲ့ပြီး အပြန်ခရီးအတွက် မပေးခဲ့လို့ပေါ့။ လုံခြုံမှု အာမခံချက်ရဖို့ သူ ကြိုးစားလုပ်ခဲ့တာ၊ တစ်နည်းအားဖြင့် လုံခြုံမှုအတွက် ပေးဆပ်ခဲ့တဲ့တန်ဖိုး ကြီးမားသလောက် သူ့စိတ်ထဲမှာ မလုံခြုံမှုဟာ ပို ကြီးထွားလာရတယ်”

“တုံ့ပြန်မှုအရ သူဟာ လုံခြုံမှုမရတဲ့ သဘောလား”

“ကောင်းလိုက်တဲ့ မေးခွန်းကွာ။ ဖြေရရင်တော့ အဲဒီလိုလည်း မဟုတ်ဘူးကွ၊ တုံ့ပြန်မှုရဖို့ အဲဒီထက် ပိုပေးရမယ်။ လူတစ်ယောက်ဟာ လုံခြုံစိတ်ချမှု လွန်လွန်ကဲကဲရတာနှင့်အမျှ တုံ့ပြန်မှုအနေဖြင့် ငြီးငွေ့မှုဖြစ်ပြီး ဂနာမငြိမ် ဖြစ်ရတာပဲ။ သူတို့ဟာ ရှေ့ခရီးဆက်ချင်ပေမယ့် သူတို့ကိုယ်တိုင် လုံခြုံမှုရဖို့ လက်လျှော့လိုက်တာကြောင့် ရှေ့ဆက်လို့ မရတော့ဘူး။ ဒါကြောင့်လည်း တို့ တစ်ယောက်ချင်းမှာ မတူခြားနားတဲ့ စိန်ခေါ်မှုတွေရှိသလို၊ သူမတူတဲ့ထူးခြားမှုတွေ ရှိနေတယ်လို့ ပြောခဲ့တာပေါ့။ တို့ဟာ တုံ့ပြန်မှုပေးရာမှာ တစ်ယောက်နှင့်တစ်ယောက် မတူကြတာကိုက ထူးခြားနေတာကလား”

“မြွေကိုမြင်ရင် တချို့က ဆတ်ဆတ်တုန်အောင် ကြောက်သွားကြပြီး တချို့ကတော့ ပျော်သွားတာမျိုးပေါ့နော်”

ကျွန်တော်က ကြားဖြတ် ထောက်လိုက်မိတာပါ။


mgyoe.com

mgyoe.com SAMPLE BOOK



သူဌေးဖေဖေက ဒီစကားကို လက်ခံခေါင်းညိတ်ပြသလို–

"မှန်တယ်။ တို့ဟာ တစ်ယောက်နှင့် တစ်ယောက် သိသိသာသာ ထူးထူးခြားခြားကို မတူကွဲပြားနေတဲ့အတွက် အပုံကြီး ကွာခြားကုန်ကြတာပဲ"

"အားလုံးကို ခြုံကြည့်လိုက်ရင် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုအနေဖြင့် အဓိကလိုအပ်ချက်လို့ ဆိုမလား"

"ဒါကတော့ မင်း သန့်သလို တွေးလို့ရတယ်။ ဘာပဲဖြစ်ဖြစ် မင်းတို့ အသည်းစွဲ မှတ်ထားစေချင်တာက အရာရာတိုင်းမှာ တန်ဖိုးတစ်ခုခုရှိသလို၊ အဲ့ဒီတန်ဖိုးဟာလည်း ပေးနိုင်တာထက် ၂ ဆပေးရတတ်တယ် ဆိုတာပဲ။ နယူတန်ရဲ့ နိယာမအရ တစ်ယောက်တည်းအတွက် ပေးရင်တော့ ပေးရကျိုး မနပ်ဘူး။ မင်းလိုချင်တာ ရမှာမဟုတ်ဘူး"

"ဒီအတွက် ဥပမာပေးပါဦးလား အန်ကယ်"

"မင်းကို အကြမ်းဖျင်းအနေနှင့်ပဲ ပေးနိုင်မှာဖြစ်ပြီး၊ အဲ့ဒါကတော့ တို့တစ်ယောက်ချင်းမှာ ထူးခြားမှုတွေ ရှိနေတယ် ဆိုတာပဲ။ ဒါပေမယ့် ယေဘုယျ စည်းကမ်းချက်အရ အခြေအနေတိုင်းမှာ ဘက် ၂ ဘက်ရှိတာကို အမြဲမှတ်ထားပါ။ နမူနာပြရရင် 'အကောင်းဆုံးအလုပ်သမားဟာ အလုပ်ရှင်ဘဝကိုလှမ်းတက်ဖို့ အစပျိုးနေကျ' ဆိုတာပဲ။ သူဟာ အလုပ်သမားဘဝက အတွေ့အကြုံတွေအရ စီမံအုပ်ချုပ်တဲ့ ပုံစံတွေကို ပိုကောင်းအောင် ပြုပြင်ပြီး သူ့အလုပ်သမားတွေကို ကိုင်တွယ်ဖို့ ရှိတယ်"

"ဒါဖြင့် အလုပ်ရှင်ကောင်းတစ်ယောက်ဟာ ရိုးသားမှုရှိပြီး သူအလုပ်သမားဘဝတုန်းက လိုလားခဲ့တဲ့ပုံစံမျိုးနှင့် သူ့အလုပ်သမား



mgyoe.com

mgyoe.com SAMPLE BOOK



တွေကို သက်သက်ညာညာ ပြုမူဆက်ဆံရမယ် ဆိုပါတော့"

"အေး။ အဲ့ဒါ အမှန်ပဲ။ ကဲ၊ အဲ့ဒီထက် ပိုပြီးလွန်ကဲတဲ့ ဥပမာ တစ်ခုကို စဉ်းစားကြည့်ရအောင်။ ဆိုပါတော့ကွာ။ မင်းတို့ဟာ စုံထောက် ကောင်းတစ်ယောက် လုပ်မယ်လို့ တွေးကြည့်မယ်"

"စုံထောက်ကောင်းတစ်ယောက်။ ဟုတ်လား"

မိုက်နှင့် ကျွန်တော်က သံယောင်လိုက်ပြီး ရွတ်လိုက်မိကြတယ်။

သူ့ဌေးဖေဖေတစ်ယောက် ဘာစိတ်ကူးနှင့် လမ်းချော်သွားပါလိမ့် လို့လည်း ကျွန်တော် တွေးလိုက်မိတယ်။

"ဟုတ်တယ်။ စုံထောက်ကောင်းတစ်ယောက်။ အဲဒီစုံထောက် တစ်ယောက် ဖြစ်ဖို့က ပထမရိုးသားရမယ်, ဖြောင့်မတ်ရမယ်, ကိုယ် ကျင့်တရား ကောင်းရမယ်။ မဟုတ်ဘူးလား"

"ကျွန်တော်လည်း အဲဒီလို ထင်တာပဲ"

မိုက်က ပြောတာပါ။

သူ့ဌေးဖေဖေက–

"ဒါပေမယ့် စုံထောက်ကျော်, စုံထောက်ကောင်းဖြစ်ဖို့က ဒုစရိုက် ကောင်လူဆိုး,လူမိုက်တွေလိုပဲ ကလိန်ကကျစ်ဉာဏ်သုံးဖို့ စဉ်းစားရ မယ်။ တစ်နည်းဆိုရင် အကျင့်သီလပျက်ပြီး ဥပဒေကို လက်တစ်လုံးခြား လှည့်စားတဲ့ သိက္ခာမဲ့တဲ့ လူတစ်ယောက်လိုလည်း ကျင့်ကြံနိုင်ရမယ်။ ဒါမှလည်း လူဆိုးသူဆိုးတွေကို ယှဉ်ပြိုင်ပြီး အနိုင်ယူနိုင်မှာပေါ့။ ချုပ်လိုက်ရင်တော့ နယူတန်ရဲ့နိယာမကို မပြတ် သတိရဖို့ပဲ။ လူဆိုး တစ်ယောက်လို မတွေးရင် စုံထောက်ကောင်း တစ်ယောက်ဖြစ်မှာ မဟုတ်ဘူး။ ၂ ဘက်သွားဓားကို သုံးတဲ့သဘောပဲပေါ့"



mgyoe.com

mgyoe.com SAMPLE BOOK


မိုက်နှင့် ကျွန်တော်တို့လည်း ခုမှ သူဌေးဖေဖေရဲ့သင်ခန်းစာ တစ်ခုလုံးကို နားလည်လိုက်ရပါတော့တယ်။

"ဒီတော့ သူဌေးဖြစ်ချင်တဲ့လူဟာ ဆင်းရဲသားဘဝကို ပြန်လည် မရောက်အောင် အညံ့စား, အပေါစား ဆန်သင့်သေးသလား။ အောက် သက်ကြေခဲ့ပြီး အထက်တက်ဖို့, သူဌေးဖြစ်ဖို့ သူဌေးကျင့် သူဌေးကြံ ကြံဖို့ပဲ ရှိမလား"

သူဌေးဖေဖေက အဖြေကို ကျွန်တော်တို့သိမယ်လို့ ယုံထား သလို ဆက်ပြောသွားပါတယ်။

"လုံခြုံမှု အာမခံတစ်ခုတည်းကို ကြည့်တဲ့လူတွေဟာ တကယ့် စိတ်ချယုံကြည်မှုကို ခံစားရမှာ မဟုတ်ဘူး။ အလားတူပဲ၊ စွန့်စား ရမှုနည်းတဲ့ ရင်းနှီးမြုပ်နှံမှုလုပ်သူတွေဟာ သူတို့အရင်းအနှီးကို စိတ် မချနိုင်ဘဲ ရင်ထိတ်နေရမှာပဲ။ ဒါနှင့်အမျှ အမြဲတမ်းမှန်ချင်တဲ့ လူဟာ လည်း အမှားနှင့် ကြုံရမှာ မလွဲဘူး။ သူတို့ဟာ ညီမျှခြင်း ၂ ဘက်မှာ တစ်ဘက်တည်းသာ တန်ဖိုးပေးကြတာဖြစ်တော့ တန်ဖိုး အပြည့်မပေးခဲ့ ကြဘူး ဆိုရမယ်။ သူတို့ဟာ ကမ္ဘာ့နိယာမတစ်ခုကို ချိုးဖောက်ရာ ရောက်သွားတယ်"

မိုက်က ကြားဝင်ပြောပါတယ်။

"သိပြီဒက်ဒီ။ လူတစ်ကိုယ်တည်း စိတ် ၂ စိတ် ထားရမယ်။ ခုနပြောသလို စုံထောက်ကျော်တစ်ယောက်ဖြစ်ဖို့ လူဆိုးကျော်တစ် ယောက်လိုလည်း ကျင့်ကြံတတ်ဖို့ လိုတယ်။ စွန့်စားမှုအန္တရာယ် လျော့ပါးဖို့ အန္တရာယ်များတဲ့စွန့်စားမှုတွေကို လုပ်သင့်ရင်လည်း လုပ် ရမယ်။ လူချမ်းသာတွေဖြစ်ဖို့ လူဆင်းရဲတွေနှင့် ဘာတွေတူသွားမလဲ


mgyoe.com

mgyoe.com SAMPLE BOOK


သိရမယ်။ ကောင်းတဲ့ရင်းနှီးမြှုပ်နှံမှုကို သိဖို့ မကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှု အကြောင်း နားလည်ရမယ်"

ကျွန်တော်ကလည်း ထပ်ဖြည့်တဲ့အနေဖြင့်–

"ဒါဟာ လူများစုက ရင်းနှီးမြှုပ်နှံမှုဟာ အန္တရာယ်များတယ်၊ စွန့်စားရတယ်လို့ ပြောကြတဲ့ အကြောင်းရင်းလည်း ဖြစ်တယ်။ ပြီးတော့ လုံခြုံစိတ်ချရတဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုကို လုပ်တဲ့လူဟာ အကျိုးအမြတ်နည်းမှာကို သဘောပေါက်ရမယ်။ လုံခြုံရေးအတွက် အာမခံထားတာဟာ အဲ့ဒီစုဆောင်းမှုအပေါ် စိတ်ဝင်စားမှုနည်းတဲ့ အခိပ္ပာယ်ကို ဆောင်တယ်။ စင်စစ်တော့ သူတို့ရဲ့ စုငွေတွေကို ငွေကြေးဖောင်းပွမှုက စားပစ်လိုက်ပြီး သူတို့ရဲ့အတိုးတွေဟာလည်း ကြီးမြင့်တဲ့နှုန်းနှင့် အခွန်ဆောင်လိုက်ရရုံပဲ ရှိတယ်။ ဒီတော့ လုံခြုံစိတ်ချအောင်ဆိုပြီး ဘဏ်မှာ ငွေအပ်တာဟာ တကယ်စိတ်ချရတဲ့အကြံ မဟုတ်ဘူးပေါ့"

သူဌေးဖေဖေက ကျွန်တော့်စကားကို သဘောတူကြောင်း ပြပါတယ်။

"ဘဏ်မှာ ငွေအပ်တာဟာ ဘဏ်မှာ ငွေမရှိတာထက်စာရင် တော်သေးတာပေါ့။ ဒါပေမယ့် လူတွေထင်သလောက် စိတ်ချရမှု မရှိတာတော့ အမှန်ပဲ။ လုံခြုံစိတ်ချရမှုနှင့် ပတ်သက်လို့ အာရုံလွဲမှားမှုဟာလည်း တန်ဖိုးတစ်ခုခု ပေးဆပ်ရတာပါပဲ"

"ဒါနှင့် ဒက်ဒီ အမြဲပြောတတ်တယ်လေ။ စွန့်စားမှုနည်းနည်းနှင့် အကျိုးအမြတ်များတဲ့အလုပ်တွေလည်း ရှိတယ်ဆို"

"မှန်တယ် မိုက်။ ကြီးလေးတဲ့အခွန်တွေ မဆောင်ရဘဲ ၂၀ ရာနှုန်းက ၅၀ ရာနှုန်း အမြတ်ရဖို့၊ ဒါမှမဟုတ် မင်းလုပ်တဲ့ အလုပ်


mgyoe.com

mgyoe.com SAMPLE BOOK


မင်းသိပြီး မင်းကိုယ်ပိုင်ငွေတွေ အများအပြားထည့်လို့ လုံခြုံစိတ်ချမှု ရယူနိုင်တဲ့ အလုပ်တွေလည်း ရှိတာပေါ့"

"ဒီတော့ အခုဒက်ဒီက သာမန်လူတွေထက် ပိုမြင့်မားတဲ့ တန်ဖိုးတွေ ဒက်ဒီပေးခဲ့တဲ့အကြောင်း ပြောချင်တာမဟုတ်လား"

သူဌေးဖေဖေက ခေါင်းညိတ်ပါတယ်။

"မင်းတို့တစ်သက်လုံး မှတ်ထား။ အရာရာတိုင်းဟာ သူ့တန်ဖိုး နှင့်သူ ရှိတယ်။ အဲ့ဒီတန်ဖိုးကိုလည်း အမြဲ ငွေနှင့်တိုင်းတာလို့ မရဘူး ဆိုတာပဲ။

## ဖြိုးခြံစေ့
## ကုတ်ခြင်း
## ရဲ့ တန်ဖိုး

ငွေပညာရှိ ဆိုသူများက–

"မင်းရဲ့အကြွေးဝယ် ခရက်ဒစ်ကတ်တွေကို ဖြတ်ပစ်လိုက်။ တစ်ပတ်ရစ်ကားပဲ ဝယ်စီး။ မင်းမှန်းထားတာထက် နှိမ့်ချပြီးနေ"လို့ ပြောသံတွေ ကြားရတိုင်း သူတို့ ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်တော် ကောင်းကောင်းကြီးသိခဲ့ပါတယ်။

လူများစုအတွက်တော့ သူတို့ပေးတဲ့ အကြံဉာဏ်တွေဟာ ကောင်းတဲ့အကြံဉာဏ်တွေလို့ ဆိုရမှာပါပဲ။

ဒါပေမယ့်... သူဌေးဖေဖေစကားအရ "အရာရာတိုင်းမှာ သူ့တန်ဖိုးနှင့်သူရှိတယ်" ဆိုတာကို ဆင်ခြင်ရမှာပါ။


mgyoe.com

mgyoe.com SAMPLE BOOK



ခြိုးခြံချွေတာပြီး သူဌေးဖြစ်ကြတာဟာ အောက်တန်းစား သံသရာမှာလည်ပြီး အောက်တန်းစား, အပေါစား, အညံ့စား ဆက်ဖြစ်နေဖို့သာ ရှိပါတယ်။

ချမ်းသာလျက်သားနှင့် အပေါစားလိုက်တဲ့လူဟာ ကျွန်တော့်အမြင်မှာတော့ ပေးဆပ်မှုတန်ဖိုးတွေ အလွန်ကြီးမားတယ်လို့ ဆိုရမှာပါပဲ။

သူဌေးဖေဖေကလည်း ပြောသားပဲ။

"ပြဿနာက ခရက်ဒစ်ကတ်တွေ ကိုင်သုံးသူတွေက ငွေကြေးပညာနုံ့နည်းကြလို့သာ ဖြစ်ပါတယ်။ ငွေပညာ ဆည်းပူးသင်ကြားတာဟာ သူဌေးဖြစ်ရေးမှာ ပေးဆပ်ဖို့လိုတဲ့ တန်ဖိုးရဲ့ တစ်စိတ်တစ်ပိုင်းပဲကွ"တဲ့။

ဒါဟာ လူအတော်များများအနေဖြင့် ခရက်ဒစ်ကတ်တွေ ဖြတ်ပြီး ခြိုးခြံချွေတာစွာနှင့် အငတ်အပြတ်ခံမနေချင်တဲ့ အကြောင်းရင်းလို့ ဆိုချင်ပါတယ်။

လူများစုဟာ လူချမ်းသာတွေအဖြစ် ချမ်းချမ်းသာသာနေနိုင်ဖို့ ရွေးချယ်ခွင့်တွေ ရှိတာနှင့်အမျှ၊ ဒီဘဝမှာ သူဌေးတွေလို ပျော်ပျော်ရွှင်ရွှင်နေကြရအောင် ထိုက်သင့်တဲ့တန်ဖိုးကို ပေးဖို့ရာလည်း မခက်ပါဘူး။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

## အမှားတစ်
## ခုရဲ့
## တန်ဖိုး

ငါ့ရဲ့ဘဏ်သူဌေးက ငါ့ဆီက ပညာရည်တိုးတက်မှု မှတ်တမ်းကို တစ်ခါမျှ မတောင်းခဲ့ဘူးကွ။

သူဌေးဖေဖေ

ကျွန်တော် အသက် ၁၅ တုန်းက စာမေးပွဲမှာ အင်္ဂလိပ်စာကျခဲ့ပါတယ်။ ကျခဲ့ရတဲ့အကြောင်းရင်းက ကျွန်တော် အင်္ဂလိပ်စာကို ဖြောင့်အောင် မရေးတတ်လို့ပါပဲ။ တစ်နည်းဆိုရင် အင်္ဂလိပ်စာ ဆရာမက ကျွန်တော်ရေးသားပုံတွေကို မကြိုက်လို့ပဲပေါ့။

ဒီအဓိပ္ပာယ်က ကျွန်တော် အဲဒီအတန်းမှာ နောက် ၁ နှစ် ဆက်ထိုင်ရမယ် ဆိုပါတော့။ စိတ်ထိခိုက်လိုက်ရတာ အလူးအလဲပါပဲ။ အဆိုးဆုံးက ကျွန်တော့်အဖေဟာ ဟာဝိုင်ယီကျွန်းရဲ့ ပညာရေးမှူး တစ်ယောက်ဖြစ်ပြီး ကျောင်းပေါင်း ၄၀ ကို ကြီးကြပ်ရပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK


ဒီတော့သူတို့ အထက်အရာရှိကြီးရဲ့သားက ထူးထူးချွန်ချွန်ကျရှုံးတယ် ဆိုတာ ပညာရေးလောကမှာ ကျိတ်ပုန်းခုတ်ပြီး ရယ်ပွဲဖွဲ့စရာကြီး ဖြစ်နေတော့တာပေါ့။ ဒုတိယအနေဖြင့် ခု စာမေးပွဲကျလိုက်တာဟာ ကျွန်တော့်ညီမလေးအတန်းကို ပြောင်းရမယ့်အဖြစ် ဆိုက်သွားတာပါပဲ။ တတိယနစ်နာချက်ကတော့ ကျွန်တော့်အသည်းစွဲ ဘောလုံးကစားခွင့် မရဖို့နှင့် ပြေးခုန်ပစ်လေ့ကျင့်ချိန် မရှိတော့တာပဲ ဖြစ်ပါတယ်။

ကျွန်တော့်ပညာရေးတိုးတက်မှုမှတ်တမ်း ရိုပို့ကတ်မှာ အင်္ဂလိပ်စာ 'F' ထိထားတာ မြင်လိုက်တာနှင့် ဓာတုဗေဒ ဓာတ်ခွဲခန်းနောက်မှာ တစ်ယောက်တည်း သွားထိုင်ပြီး ကျိတ်ဆွေးနေရတာကိုလည်း ခုထိ မြင်ယောင်မိပါသေးရဲ့။ အေးစက်နေတဲ့ ကွန်ကရစ်ကြမ်းခင်းမှာ ဒူးပိုက်လျက်ကလေး နံရံကိုမှီပြီး တရှိုက်ရှိုက် ငိုလိုက်ရတာလေ။

အင်္ဂလိပ်စာကျမယ်လို့ အောက်မေ့ထားပါလျက်နှင့် တကယ်တမ်းကြုံလိုက်ရတဲ့အခါ ရတ်တရက် စိတ်မထိန်းနိုင်အောင် ခံစားခဲ့ရတာပါပဲ။ ကျွန်တော်ဟာ ဓာတ်ခွဲခန်းနောက်မှာ တစ်နာရီကျော်ကျော် တစ်ယောက်တည်း သွားထိုင်ခဲ့မိတယ် ဆိုပါတော့။

ဒီကြားထဲ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း၊ သူဌေးဖေဖေရဲ့သား 'မိုက်'လည်း F တစ်လုံး'ထိ'သွားတာကို မင်္ဂလာသတင်းလို့ ပြောရမှာပါပဲ။ ဘာကြောင့်ဆို ကျွန်တော်နှင့်အတူ ဝမ်းနည်းဖော် ဝမ်းနည်းဖက်ရလိုက်တာကိုး။

သူက အိမ်ပြန်ဖို့ ကားရှိရာကို ကျောင်းဝင်းကဖြတ်အသွား ကျွန်တော်က လက်လှမ်းပြလိုက်ပေမယ့် သူက ခေါင်းခါပြီး ဆက်လျှောက်သွားပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK



အဲဒီည ကျွန်တော့်မွေးချင်းတွေ အိပ်ရာဝင်သွားတဲ့နောက်မှ အမေနှင့်အဖေကို ကျွန်တော် အင်္ဂလိပ်စာကျတဲ့အကြောင်းနှင့် အထက်တန်းကျောင်းမှာ နောက် ၁ နှစ် ဆက်နေရဦးမယ်ဆိုတာ အသိပေးလိုက်ပါတယ်။

ကျွန်တော့်ဖေဖေဟာ တစ်ဘာသာကျတာနှင့် စာမေးပွဲကျတဲ့ ပညာရေးစနစ်ကို သူကိုယ်တိုင် အကောင်အထည်ဖော်နေရသူဖြစ်သလို၊ သတင်းဆိုးကို ကြားလိုက်တဲ့အခါ မတုန်မလှုပ်ဘဲ ခေါင်းတဆတ်ဆတ်သာ ညိတ်နေပါတယ်။ သူ့မျက်နှာမှာ ဘာခံစားချက်မျှ မပေါ်ပါဘူး။ မေမေကတော့ စိတ်မချမ်းသာ ဖြစ်သွားတဲ့အပြင်, ဒေါသလည်း ထွက်ခဲ့ပုံပါပဲ။ မြားဦးက ဖေဖေ့ဘက် လှည့်သွားရာက–

"ရှင် ဘယ်လိုလုပ်မလဲ။ သားက ဒီအတန်းပဲ ပြန်တက်ရမှာလား"

"ဒါက မူအတိုင်းပဲလေကွာ။ ဒါပေမယ့် ငါ အခြေအနေကို စုံစမ်းပြီးမှ တစ်ခုခုဆုံးဖြတ်ရမှာပဲ"

ရက်အတန်ကြာ ဆင်းရဲဖေဖေက အဖြစ်မှန်ကို လေ့လာတယ်။ ဒီအခါ ကျွန်တော်တို့ အတန်းသား ၃၂ ယောက်မှာ ၁၅ ယောက် အတန်းကျတာကို တွေ့ရတယ်။ ကျောင်းသား ၈ ယောက်ကို ဂုဏ်ထူးပေးခဲ့တယ်။ တစ်ယောက်က A အဆင့်, ၄ယောက်က B အဆင့်, ကျန်တဲ့လူတွေက C အဆင့်,တဲ့။

သူဟာ ကျွန်တော့်အဖေအနေအဖြစ် မဟုတ်ဘဲ ပညာရေးမှူးတစ်ယောက်အနေဖြင့် ဒီပြဿနာထဲ ဝင်စွက်ခဲ့တယ်။



mgyoe.com

mgyoe.com SAMPLE BOOK



ပထမခြေလှမ်းက ကျောင်းအုပ်ကြီးကို တရားဝင်စုံစမ်းစစ်ဆေးမှု လုပ်ဖို့ ညွှန်ကြားခဲ့တာပဲ ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးက အတန်းထဲက ကျောင်းသားတွေနှင့် စခဲ့ပါတယ်။ ရလဒ်ကတော့ အတန်းပိုင်ဆရာမကို ကျောင်းပြောင်းပစ်လိုက်ပြီး၊ ကျောင်းမှာလည်း ပညာရည်မြင့်မားဖို့ နွေရာသီအထူးသင်တန်း ဖွင့်ပေးခဲ့တာပါပဲ။

အဲဒီသင်တန်းကို ၃ပတ်လောက် တက်လိုက်ပြီးတဲ့နောက် ကျွန်တော်လည်း အင်္ဂလိပ်စာမှာ ဂုဏ်ထူးရခဲ့ပြီး၊ အတန်းထဲမှာလည်း အဆင့် '၁၁' ဝင်ခဲ့ပါတယ်။

ကျွန်တော့်ဖေဖေရဲ့ တွေ့ရှိချက်အရ ဒီကိစ္စမှာ ဆရာဘက်ကရော ကျောင်းသားတွေဘက်ကပါ အမှားအမှန်တွေ ရှိခဲ့တယ်လို့ သိရပါတယ်။

သူ့ကို စိတ်အနှောင့်အယှက် ဖြစ်စေတာက အတန်းကျတဲ့အထဲမှာ စာတော်တဲ့လူတွေပါ ပါနေတာပါပဲ။ ကျွန်တော်တို့ထဲက အများစုဟာ ကောလိပ်တက်ဖို့ ကြိုးပမ်းနေကြသူတွေ ဖြစ်နေပါတယ်။

သူက ကျွန်တော့်ကို ၂ ဘက်မျှပြီး အိမ်မှာ ပြောခဲ့တာကတော့...

"မင်း အခု အတန်းကျတာကို မင်းဘဝမှာ အရေးကြီးတဲ့ သင်ခန်းစာအဖြစ် မှတ်လိုက် သား။ ဒီဖြစ်ရပ်က မင်းအဖို့ အနည်းနှင့် အများ ပညာယူနိုင်တယ်။ စိတ်ဆိုးချင်ဆိုး, ဆရာမကို အပြစ်တင်ချင်တင်, အာဃာတ ပွားချင်ပွား။ ဒါမှမဟုတ် မင်းလုပ်ရပ်တွေကို ပြန်သုံးသပ်ပြီး အတွေ့အကြုံထဲက အမြတ်ထုတ်။ မင်းကိုယ်မင်း ပြုပြင်ဖို့ပဲရှိတယ်။ ဆရာကတော့ ကျောင်းသားတွေ အကျိုးများတဲ့အတွက် ထိုက်တန်တဲ့ဆု ရမှာပဲ။ ဒါပေမယ့် မင်းနှင့် မင်းသူငယ်ချင်းတွေအနေဖြင့် တကယ့်လူရည်ချွန်တွေဖြစ်ဖို့ လိုအပ်တယ်။ စင်စစ်တော့ ဆရာပျော



mgyoe.com

mgyoe.com SAMPLE BOOK


ကျောင်းသားတွေပါ အတွေ့အကြုံကနေ အမြတ်ရလိမ့်မယ်လို့ ငါ မျှော်လင့်တာပဲ”

ကျွန်တော်ဟာ နာကျည်းမှုကို ရင်မှာပိုက်ခဲ့မိသလို၊ ဆရာမကိုလည်း အထင်လွဲပြီး ကျောင်းတက်ဖို့တောင် မုန်းခဲ့တယ်ဆိုတာ ဝန်ခံရမှာပါ။

ကျွန်တော် စိတ်မဝင်စားတဲ့ဘာသာကို ဇွတ်သင်ခိုင်းတာကို မကြိုက်ခဲ့ပါဘူး။

စိတ်ဒဏ်ရာက ပြင်းထန်ခဲ့တဲ့တိုင်အောင် ကျွန်တော် စိတ်နည်းနည်း လျှော့လိုက်ရာက သဘောထားအမြင်လည်း ပြောင်းသွားသွားပါတယ်။ ဒီလိုနှင့် ကျွန်တော်ရဲ့ လေ့လာဆည်းပူးမှုက တိုးတက်လာသလို အထက်တန်းကျောင်းက ဘွဲ့ရခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေကြောင်းအကယ်ဒမီမှာ ပညာသင်ဆု ရတဲ့ကျောင်းသား ၂ ယောက်အနက် တစ်ယောက် ဖြစ်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်မှာ အဲ့ဒီကျောင်းက B.Sc ဘွဲ့ရခဲ့တော့တာပါပဲ။

ရေကြောင်းတက္ကသိုလ်မှာ အင်္ဂလိပ်စာရေးရတာ ကြောက်တဲ့စိတ်ကို အနိုင်ယူ ဖျောက်ပစ်နိုင်စွမ်းရှိပါတယ်။ ဒီအတွက် ၂ နှစ်လုံးလုံး အင်္ဂလိပ်စာသင်ပေးခဲ့တဲ့ ဆရာကြီး ဒေါက်တာနော်တန်ကို ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး။ သူ့ကြောင့် ကိုယ့်ကိုယ်ကို ယုံကြည်အားကိုးမှုတွေရလာပြီး၊ စိုးရိမ်မှုနှင့် နာကျည်းမှုတွေ ပြေပျောက်ခဲ့ရတာ မဟုတ်ပါလား။ ဒေါက်တာနော်တန်နှင့် ရေးဖော်ဖြစ်တဲ့ ရှရွန်လက်ချ်တာတို့သာ မရှိခဲ့ရင် နယူးယောက်တိုင်းမပြောနှင့်၊ ဝေါစထရိဂျာနယ်တို့က ဘက်ဆဲလား စာရေးဆရာစာရင်းမှာ ဝင်ဖြစ်လာမယ် မထင်ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK



အရေးကြီးဆုံးက ကျွန်တော့်ဖေဖေရဲ့ အကြံပေးချက်ပဲဖြစ်ပြီး၊ သူ့ကြောင့် အခြေအနေဆိုးကို အကောင်းဆုံးဖြစ်အောင် ဖန်တီးနိုင်ခဲ့တာလို့ ဆိုရပါလိမ့်မယ်။

ပြန်တွေးလိုက်ရင်တော့ အင်္ဂလိပ်စာကျခဲ့ရတာနှင့် ဆယ်တန်းပြန်တက်ခဲ့ရတဲ့ မနှစ်မြို့စရာအဖြစ်ကိုပဲ ကျေးဇူးတင်ရမလိုပါ။ ကြုံခဲ့ရတဲ့အဖြစ်က မာန်တွေလျှော့ပြီး အမှားတွေပြင်လို့ သင်ယူတတ်တဲ့ အလေ့အကျင့်တွေ ကျွန်တော့်ကို မွေးပေးခဲ့တာပဲ မဟုတ်လား။

အဲဒီ ၁၀ တန်းတုန်းက အမှားတွေသာ မပြင်မိခဲ့ရင် ကောလိပ်ကျောင်းမှာ တဖုန်းဖုန်းကျမှာ သေချာတာပေါ့။

## သူဌေးဖေဖေရဲ့ မှတ်ချက်များ။ ။

ကျွန်တော်နှင့် တစ်ဆရာတည်းလက်ချက်ဖြင့် သူ့သားလည်း အင်္ဂလိပ်စာကျတဲ့အတွက် သူဌေးဖေဖေလည်း စိတ်အနှောင့်ယှက်ဖြစ်ခဲ့ရတာပါပဲ။

သူက ကျွန်တော့်ဖေဖေ ဝင်စွက်ဖက်လို့ နွေရာသီသင်တန်းဖွင့်ပေးပြီး ကျွန်တော်တို့ အောင်မှတ်တွေကို ပြန်ဖြည့်ပေးခဲ့တဲ့အတွက်လည်း ကျေးဇူးတင်လို့မဆုံးပါဘူး။

သို့သော်လည်း ဒီအတွေ့အကြုံကို အရင်းပြုပြီး မိုက်နှင့်ကျွန်တော်ကို မတူကွဲပြားတဲ့ သင်ခန်းစာတွေ သင်ပေးခဲ့ပါတယ်။

"တို့ ဘဝပျက်ခဲ့ကြပြီ။ ဘာ အသုံးကျတော့မှာလဲ။ ဒီဆရာတစ်ယောက်ကြောင့် တို့ ရှေ့ မတက်ရတော့ဘူးလား။ ဒီကြားထဲ နွေရာသီသင်တန်း တက်ရဦးမယ်တဲ့"



mgyoe.com

mgyoe.com SAMPLE BOOK



ကျွန်တော်နှင့် မိုက်က တစ်သံတည်း ညည်းတွားခဲ့ကြတာပါ။

ကျွန်တော်တို့ရဲ့အနာဂတ်ကို စဉ်းစားကြည့်လိုက်တော့လည်း ပျော်စရာကောင်းတဲ့ နွေကျောင်းပိတ်ရက်ကို လက်လွှတ်ရတော့မယ်လေ။

လူတော်ဆိုတဲ့ကောင်တွေကတော့ ရှေ့ကို တက်သွားကြပြီး ကျွန်တော်တို့က သူတို့နောက်မှာ 'ကျန်ရစ်'ဖြစ်ခဲ့ရတယ်။ ကျန်တဲ့ လူတွေကလည်း ကျွန်တော်တို့ကို မေးငေါ့၊ နှာခေါင်းရှုံ့ကြပြီး၊ 'ငရှုံး' တွေလို့ မကြားတကြားခေါ်ကြတယ်လေ။

"အမှတ်မကောင်းရင် ကောလိပ်ကောင်းကို ရောက်မှာမဟုတ်ဘူနးကွ"

"အထက်တန်းကျောင်းက အင်္ဂလိပ်စာတောင်မနိုင်ရင် ကောလိပ်တက်ဖို့ ဝေးသေးရဲ့"

ရွယ်တူချင်းဝေဖန်သံတွေက နားမခံသာလောက်အောင်ပါပဲ။

ဒါပေမယ့် ကျွန်တော်တို့ကလည်း မထေမဲ့မြင် ဂရုမစိုက် ဟားတိုက်ပစ်လိုက်တယ်။ ဒါပေမယ့် ရင်ထဲမှာတော့ အောင့်သက်သက်။

အရှုံးသမားအဖြစ် နောက်မှာ ပက်လက်လန် ကျန်ခဲ့တာကို လည်း ငြင်းမရဘူး မဟုတ်လား။

နွေရာသီသင်တန်း ပြီးတဲ့ ညနေ။ မိုက်နှင့်ကျွန်တော် သူဌေးဖေဖေရဲ့ ရုံးခန်းထဲမှာထိုင်ပြီး အတန်းဖော်တွေရဲ့ သရော်တာခံရတဲ့ အကြောင်းတွေ ပြောနေမိတယ်။

သူဌေးဖေဖေက ကြားသွားတဲ့နောက် ကျွန်တော်တို့ရှေ့မှာ လာထိုင်တယ်။ ကျွန်တော်တို့ကို မျက်လုံးတည့်တည့် စိုက်ကြည့်ပြီး-



mgyoe.com

mgyoe.com
SAMPLE BOOK


"မင်းတို့ ၂ ယောက် ခေါင်းချင်းရိုက် ဆူပွဆူပွလုပ်နေတာ မြင်ရတာတော့ ရင်မောတယ်ကွာ။ မင်းတို့ကိုယ် မင်းတို့ အရှုံးသမား ကြီးပုံစံနှင့် အနိမ့်ခံသားကောင်တွေ ဘာကြောင့် အဖြစ်ခံနေရတာလဲ။ ငါကိုယ်တိုင် ဘယ်နှစ်ကြိမ်ရှုံးခဲ့တယ်ဆိုတာ မင်းတို့အမြင်ပဲ။ ဒီတော့ ဝမ်းနည်းနေတာတွေ ရပ်ပစ်လိုက်။ ပြီးတာ ပြီးပြီပဲကွ။ မင်းတို့ သူငယ် ချင်းတွေ မခံချင်အောင် စ,နေတာတွေလည်း ဂရုမစိုက်နှင့်တော့။ တစ်ကြိမ်ရှုံးရုံနှင့် တစ်သက်လုံး ဒူးထောက်လက်မြှောက်ဖို့ မလိုပါဘူး။

"ဒါပေမယ့် ကျွန်တော်တို့အမှတ်တွေက အရမ်းညံ့တာ။ ဒီညံ့ ချက်က ကျွန်တော်တို့ကို အရိပ်မည်းကြီးလို တစ်သက်လုံးချောက်လှန့် နေတော့မှာပဲ။ တက္ကသိုလ်ကျောင်းကောင်းကောင်း တစ်ကျောင်းကို ဘယ်နည်းဖြင့် တက်လို့ရတော့မလဲ"

ကျွန်တော်က အကြောက်အကန် ဆန့်ကျင်ဘက် ပြောခဲ့တာပါ။

"ဒီမယ် ကြည့်စမ်း။ တစ်ဘာသာ ညံ့ရုံနှင့် မင်းတို့ဘဝကို အပျက်စီးခံမယ်ဆိုရင် ရှေ့အနာဂတ်ကို ဘယ်လိုခရီးဆက်နိုင်ကြတော့ မလဲ။ ဒီတစ်ခါ အရှုံးပေးလိုက်ရင် တစ်သက်လုံး အနိုင်ရတော့မှာ မဟုတ်ဘူး။ တကယ့်ဘဝဟာ မင်းတို့ အထက်တန်းကျောင်းက အင်္ဂလိပ် စာထက် ပိုခက်တယ်၊ ပိုကြမ်းတမ်းတယ်၊ ရက်စက်တယ်။ မင်း အင်္ဂလိပ်စာဆရာမကို ရက်စက်တယ်လို့ အပြစ်ဖို့နေမယ်ဆိုရင် တကယ့် ဘဝကရက်စက်မှုတွေကို ဘယ်လို ရင်ဆိုင်ဝံ့ပါတော့မလဲ။ အပြင်လောက ဆိုတာ မင်းတို့ဆရာမလို မဟုတ်ဘူး။ ပိုပြီး ရက်စက်ကြမ်း ကြုတ်တဲ့ လူတွေနှင့် ပြည့်နေတာကဲ။ ဒီတော့ ငါ ထပ်ပြောမယ်။ အောင်မှတ် မကောင်းရုံနှင့် အင်္ဂလိပ်စာ ဆရာမကို နာကျည်းနေရုံနှင့် မင်းတို့ရဲ့


mgyoe.com

mgyoe.com SAMPLE BOOK


ရှေ့ဘဝကို အဖျက်ဆီးခံတော့မလား။ ဒါဆိုရင် မင်းတို့အတွက် အနာဂတ်ဆိုတာ မရှိတော့ဘူး"

"ကျွန်တော်တို့ကို နောက်ပြောင် သရော်နေတဲ့ ကောင်တွေကို ကော ဘယ်လိုပြောမလဲ"

မိုက်က စောဒက တက်လိုက်တာပါ။

သူဌေးဖေဖေက တခစ်ခစ်ကနေ ဟားတိုက်ရယ်လိုက်ပါတယ်။

"အိုကွာ။ သူတို့ ဘယ်လောက် လှောင်နိုင်ကြမလဲ။ စိန်ခေါ်လိုက်စမ်း။ ငါဆိုရင် လူတွေ ဝိုင်းပြီးဝေဖန်တိုက်ခိုက်ခံရတာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့ဘူး ရောဘတ်။ မင်းဖေကိုယ်တိုင်လည်း လူသိရှင်ကြား အပုပ်ချခံရတာ ဘယ်နည်းပါတော့မလဲ။ တို့ ၂ ယောက်နာမည်တွေက သတင်းစာထဲမှာ ဟိုးဟိုးကျော်လို့။ ငါ့ကိုများ 'လောဘအိုး၊ စီးပွားရေးဘီလူးကြီး'တဲ့။ မင်းအဖေကျတော့ကော 'ပညာရေးမှူးရာထူးနှင့် တစ်စက်မျှမတန်တဲ့လူ'တဲ့။ သူတို့စကားတွေသာ လိုက်နားထောင်နေရင် စိတ်ဓာတ်ကျပြီး ငါ ဒီဘဝ ဘယ်ရောက်ပါတော့မလဲ။ လောကကြီးက မခံချင်လေ ပိုဆွလေ၊ ကြောက်ပါတယ်ဆိုမှ ဖြဲခြောက်တတ်ကြတာ။ သူတို့ကို လှည့်ကြည့်နေရင် အလုပ်ပျက်တယ်။ ဂရုစိုက်နေတာဟာ အနိုင်ပေးလိုက်ရာ ရောက်တယ်။ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်။ ကိုယ်သွားမယ့်လမ်းကို ဘယ်သူ့အနှောင့်အယှက်မျှ မခံဘဲ ဆက်လျှောက်ဖို့ အရေးကြီးတယ်"

ဒီနောက် သူပြောတာတွေက မှတ်သားလောက်စရာတွေပါပဲ။

"အောင်မြင်တဲ့လူနှင့် သာမန်အညတရတစ်ယောက် ကွာခြားချက်က အဝေဖန်အတိုက်ခိုက် ဘယ်လောက်ခံနိုင်သလဲ ဆိုတာပဲ။


mgyoe.com

mgyoe.com SAMPLE BOOK



သာမန်လူ့တွေက ဝေဖန်မှုဒဏ် သိပ်မခံနိုင်သလို၊ အညတရဘဝမှာပဲ သောင်တင်ကျန်ခဲ့တာကွ။ ဒီလိုနှင့် သူတို့ဟာ ခေါင်းဆောင်ဖြစ်ဖို့လည်း စွန့်လွှတ်လိုက်ရတာပဲ။ သူတို့အဖို့ တခြားလူတွေက ပြောကြ၊ ဆိုကြ၊ ကဲ့ရဲ့ကြမှာ၊ အထင်အမြင်သေးကြမှာ ကြောက်တယ်။ ဒါကြောင့်လည်း "သာမန်လူတွေကြားမှာပဲ ရောပြီး မြုပ်သွားကြတယ်လို့ ဆိုရမယ်။ လူတွေဟာ တစ်ယောက်မကောင်းကြောင်း တစ်ယောက်ပြောတာ ဝါသနာပါကြတာကိုး။ တခြားမကြည့်နှင့်၊ မင်းဖေနှင့် ငါဟာ အပြန်အလှန်လေးစားမှုတွေ ရှိထားကြတဲ့ကြားကတောင် တစ်ယောက်ကို တစ်ယောက် ပျစ်ပျစ်နှစ်နှစ်ဝေဖန်နေကြတာကလား။

"ဒါပေမယ့် မင်းတို့ နားလည်ထားဖို့က လူတွေက ဝေဖန်တယ်ဆိုတာ မင်းတို့ကို 'ဂရုစိုက်ကြည့်နေလို့' ဆိုတာပဲ။ မင်းတို့က သူတို့အတွက် တခုတ်တရပြောစရာ ဖြစ်ခဲ့တာ၊ သူတို့ဘဝက ငြီးငွေ့ပျင်းရိမှုကို ဖြေဖျောက်ပေးရာ ရောက်ခဲ့တာကိုး။ ဝေဖန်မှုကို တန်ပြန်အသုံးချနိုင်ရင် မင်းဘဝမှာ အဖိုးတန်တဲ့ပညာတွေကို ရမှာမလွဲဘူး"

ဒီနောက် သူဌေးဖေဖေက ရယ်ရယ်မောမော ဆက်ပြောခဲ့ပါတယ်။

"မင်းတို့ တွက်ကြည့်။ ၃၃ ရာခိုင်နှုန်းသော လူတွေက မင်းတို့ကို ချစ်တာမို့ ဘာလုပ်လုပ် ဘာမျှပြောမှာမဟုတ်ဘူး။ နောက် ၃၃ ရာခိုင်နှုန်းကလည်း မင်းတို့ကို မချစ်တာတော့ ကောင်းကောင်းဆိုးဆိုး အရေးမစိုက်ကြပြန်ဘူးတဲ့။ ကျန်တဲ့ ၃၃ ရာခိုင်နှုန်းကလည်း မင်းတို့နှင့် မဆိုင်သလို နေကြတယ်။ ဒီတော့ ၁ ရာခိုင်နှုန်းလောက်က ပါးစပ်သေနတ်ပစ်တာကို ဘာမှုစရာ လိုလို့လဲကွ။ ဟားဟားဟား"



mgyoe.com